


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# အမှန်ဆိုပေမယ့်လို့ ကုန်းတိုက်တာဖြစ်တတ်တယ်

ဟောကြားသည့်နေ့
၆-၃-၅၉

၁၇၆

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားတော်မူအပ်သောတရားတော်

# အမှန်ဆိုပေမယ်လို့ ကုန်းတိုက်တာဖြစ်တတ်တယ်

( ၆ . ၃ . ၅၉ )

THITSARPARAMI LIBRARY
Date ..........................

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူအပ်သောတရားတော်

# အမှန်ဆိုပေမယ်လို့ ကုန်းတိုက်တာဖြစ်တတ်တယ်

ဟောကြားသည့်နေ့( ၆. ၃. ၅၉ )

ပိသုဏော သစ္စဝါရမ္ပိ၊ သစ္စာဝါရမ္ပိ-အမှန်ကိုပြောသလိုလိုနှင့်၊ ပိသုဏော-ချောပစ်ကုန်းတိုက်တတ်သည်၊ ဟောတိ ဖြစ်၏၊ သစ္စာဝါရမ္ပိ-အမှန်ကိုပြောသလိုလိုနှင့်၊ ပိသုဏော-ချောပစ်ကုန်းတိုက်တဲ့ဘက်ကိုသွားတတ်သည်၊ ဟောတိ-ဖြစ်၏။

အမှန်ပြောသလိုလိုနဲ့ ချောပစ်ကုန်းတိုက်တဲ့ဘက်ကို သွားတယ်၊ အမှန်ပြောတာပဲတဲ့၊ သို့သော် ဟိုပုဂ္ဂိုလ်တစ်ယောက်ဆီ လူတစ်ဦးတစ်ယောက်ကသွားပြီး ကြားသလောက်အမှန်ပြောတာ အဲဒါ ဟိုပုဂ္ဂိုလ် မှာတော့ဖြင့် တစ်ယောက်သောပုဂ္ဂိုလ်အတွက်ဟာ စိတ်ဆိုးပြီး သကာလသွားတယ်။

## အမှန်ပြောပေမယ့် ကုန်းတိုက်သလို

ဘာဖြစ်လို့တုံး ဒီကအမှန်ပြောလိုက်ပေမယ့် ဟိုမှာ ချောပစ်ကုန်းတိုက်သလိုသွားဖြစ်တယ်၊ အမှန်ပြောသလိုလိုနှင့် ချောပစ်ကုန်းတိုက်တဲ့ဘက်ကို ကူးသွားတယ်၊ မောင်ထွန်းလှိုင် သဘောကျရဲ့လား. . . (တင်ပါဘုရား)။

အမှန်ပြောသလိုလိုနဲ့ဘယ်ဘက်လှည့်တုံး. . . (ချောပစ်ကုန်းတိုက်ခြင်းဘက်ရောက်သွားပါတယ်ဘုရား) ဒကာ ဒကာမတွေက ဘယ်လိုသုံးသပ်သလဲမေးတဲ့အခါ ကျုပ်ကတော့ကြားရင်မနေတတ်ဘူး၊ ပြောလိုက်တာပဲ ဒီအိမ်ကပြောတဲ့စကားကို ဟိုအိမ်ကိုကြားတာနဲ့သွားပြောတယ်၊ သွားပြောတော့ ဟိုအိမ်နဲ့ဒီအိမ်မတည့်ဘူး။

မတည့်တာသည် သူကသွားပြောတာနဲ့မတည့်တာ ဖြစ်တာ၊ အဲတော့ ပြောတဲ့ပုဂ္ဂိုလ်ကလည်း မဆင်ခြင်ဘူးတဲ့၊

သူတို့မကြိုက်လို့ လဲသေသေ ကျုပ်ကတော့ ကြားရင်ပြော တတ်တယ်၊ ဘွင်းဘွင်းပဲ၊ ကျုပ်က မျိုသိပ်ပြီးမထားတတ်ဘူး၊ ဆိုပြီးသကာလပြောလိုက်တယ်။

## အမှန်တော့ပြောတာပဲ

ပြောလိုက်တော့ကိုတဲ့ သူ့ဟာသူတော့ သစ္စဝါစာလို့ ထင်နေတယ်၊ အမှန်ပြောတာပဲတဲ့၊ ဒီကကြားတဲ့စကား ဟို သွားပြီးတော့ အမှန်ပြောလိုက်ပေမဲ့ ဟိုအိမ်ကဘာဖြစ်တုံးဆို ရင်ဖြင့် တစ်ယောက်နဲ့တစ်ယောက်မတည့်မှု မောင်ကို သွား ဖြစ်တယ်. . . (မှန်ပါဘုရား)။

အဲတော့. . . ဒီဟာ အမှန်ပြောတာလား ချောပစ် ကုန်းတိုက်တာလား. . . (ချောပစ်ကုန်းတိုက်တာပါဘုရား) အဲတော့ သူစိတ်ထဲမှာ ဒါကမသိဘူး ဒီဥစ္စာပြောလိုက်လို့ ရှိရင်ဖြင့် တစ်ယောက်နဲ့တစ်ယောက်တော့ တည့်ကြတော့မှာ မဟုတ်ဆိုတာ မမြင်ဘူး၊ ကျုပ်ကအမှန်ပြောတာပဲဗျ။ ခင်တတ်တယ်။

သူကိုအမှန်ပြောတာပဲ၊ ကျုပ်ကအမှန်ပြောတာပါပဲ၊ ဆိုပြီးသကာလ သူကတော့ သစ္စဝါစာ၊ သစ္စကမှန်တာ ဝါစာကစကား၊ သမ္မာဝါစာလိုလိုနဲ့ မောင်စိန်ထွန်း ချောပစ် ကုန်းတိုက်ခြင်းဘက်လှည့်သွားတယ်. . . (တင်ပါဘုရား) သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## စင်စစ်တော့ကုန်းတိုက်တာ

သမ္မာဝါစာလိုလိုနဲ့. . . (ချောပစ်ကုန်းတိုက်ခြင်း ဘက်လှည့်သွားပါတယ်ဘုရား)၊ အဲဒါပြောတဲ့ ပုဂ္ဂိုလ်က မသိဘူးတဲ့၊ သူ့ဟာသူ ကျုပ်ကအမှန်ပြောတာပါ၊ မုသားတစ်လုံးမှမပါပါဘူး၊ အမှန်ပြောတတ်တဲ့ဝါသနာရှိလို့ အမှန်ပဲပြောလိုက်တာပဲ သူ့ဟာသူတော့ သစ္စဝါစာဆိုတော့ သမ္မာဝါစာလို့ထင်နေပါတယ်၊ သူကိုယ်တိုင်က မသိဘူးတဲ့၊ စင်စစ်တော့ သူချောပစ်ကုန်းတိုက်တာပဲ. . . (တင်ပါဘုရား)။

အဲဒါသူကဘယ်နဲ့ထင်နေတုံး. . . (သမ္မာဝါစာလို့ ထင်နေပါတယ်) အမှန်ပြောတတ်တော့ သမ္မာဝါစာထင်နေတယ်၊ သစ္စာဝါစာထင်နေတယ်၊ ထင်ပင်ထင်ငြားသော်လည်း အလုပ်သွားက ဘယ်နဲ့ဖြစ်နေတုံး. . . (ချောပစ်ကုန်းတိုက်တာ ဖြစ်နေပါတယ်ဘုရား) ချောပစ်ကုန်းတိုက်တာ ဖြစ်ပြီး သကာလ သွားပါတယ်။

သို့သော် ပြောတဲ့ပုဂ္ဂိုလ်ကိုယ်ကလည်း မသိပါဘူး၊ သူတာဝန်ခံတာကြည့်ပါလား၊ ကျုပ်ကအမှန်မှပြောတတ်တယ်၊ အမှားဆိုတစ်လုံးမှမပါဘူးဆိုပြီး သစ္စဝါစာလို့ပဲ ထင်နေတယ်၊ သမ္မာဝါစာလို့ပဲ ထင်နေတယ်၊ ထင်ပေမယ့်လည်း အဓိပ္ပါယ်သက်ရောက်သွားတာကတော့ ချောပစ်ကုန်းတိုက်လို့ ဒီလူ နှစ်ယောက်မှာ ဒီလိုပြောသလား၊ ဒီလိုပြောသလား ဟိုက နှစ်ကြိမ်သုံးကြိမ် ထပ်မေးတယ်။

## ကျုပ်ကလိမ်မပြောတတ်ဘူးတဲ့

အကယ်၍ထပ်မေးလည်း ဒီလိုပဲပြောပါတယ်၊ ကျုပ်ကလိမ်မပြောတတ်ဘူး၊ ဟော. . . ဒီလိုကောမအုပ်ဘူးလား . . . (အုပ်ပါတယ်ဘုရား) အုပ်တော့ ဟိုက ဒီလိုပြောသလား ဒီလိုပြောသလား ဆိုကတည်းက သူစိတ်ထဲကောင်းသေးရဲ့လား. . . (မကောင်းပါဘူးဘုရား)။

မကောင်းပင်မကောင်းငြားသော်လည်း ကျုပ်ကလိမ်တယ်လို့များ အောက်မေ့မနေနဲ့၊ ခင်ဗျားကထပ်ထပ်မေးနေတယ်၊ ကျုပ်ကမလိမ်တတ်ဘူး၊ ကြားရရင်ကြားတဲ့အတိုင်း အမှန်ပြောလိုက်တာပဲ၊ မှန်တာပြောသစ္စာပဲ၊ ဒါသစ္စဝါစာပြောလိုက်တာပဲ၊ သူကဒီလိုများတောင်ထပ်ပြီး သကာလမောင်အုန်းလှိုင်ရဲ့ပြောလိုက်သေးတယ်. . . (တင်ပါဘုရား)။

ကိုယ်ကမေးနေတဲ့ဥစ္စာကတော့ဖြင့် ဒီလိုပဲပြောသလား၊ ဒိပြင်ကော ဘာပြောသေးသတုံးဆိုတော့ ဟိုကတည့်ဖို့ရာအကြောင်းမြင်သေးလား၊ သူမေးပုံကြည့်ပါလား . . . (မမြင်တော့ပါဘုရား) ဒါပြောလိုက်လို့ဖြစ်သွားတယ်၊ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ သစ္စဝါစာလို့ပဲထင်နေတယ်တဲ့၊ တစ်ဖက်ကကြားရတာ၊ တစ်ဖက်ကို စကားယူပြောတဲ့ ပုဂ္ဂိုလ်ကနော် . . . (တင်ပါဘုရား)။

## ဒီစကားမျိုးရှိတတ်တယ်

အခုပြောတဲ့စကားဟာ သစ္စဝါစာဟုတ်ကဲ့လား၊ သမ္မာဝါစာဟုတ်ကဲ့လား၊ ချောပစ်ကုန်းတိုက်တဲ့ဘက်ကို ရောက်သွားသလား. . . (ချောပစ်ကုန်းတိုက်တဲ့ဘက်ကို ရောက်သွားပါတယ်ဘုရား) ချောပစ်ကုန်းတိုက်တဲ့ဘက် ရောက်သွားတာကို သူကချောပစ်ကုန်းတိုက်တဲ့စိတ်မပါပါဘူး လို့ သူကတော့ ဖုံးလိုက်ဖိလိုက်တာပဲတဲ့၊ အဲဒါမပြောခင်က မစဉ်းစားတဲ့အတွက် သူ့စိတ်ကိုပဲ ချောပစ်ကုန်းတိုက်တဲ့စိတ် ကို သူမသိတဲ့အတွက် ကြားသ၍ အကုန်ပြောလိုက်တာပဲ။

ကြားသ၍အကုန်ပြောလိုက်တော့ ဟိုအိမ်နဲ့ဒီအိမ် ဟာတည့်သလား မောင်ကို. . . (မတည့်ပါဘူးဘုရား) ကြားဝင်တာနဲ့ အဲတော့ဒီပြောတဲ့ပုဂ္ဂိုလ်ကတော့ကို မောင်အေးရ အကောင်းပြောတယ်လို့ပဲထင်နေတာ မထင် ဘူးလား. . . (ထင်ပါတယ်ဘုရား)။

## သတိထားစေချင်လို့တဲ့

ကျုပ်က အကောင်းပြောတာ မေတ္တာရှိလို့ပြောတာ တစ်ခုမှလည်း အပိုမပါပါဘူး၊ မေတ္တာသက်သက်နဲ့မို့ မင်း တို့ကြားစေချင်လို့ သိစေချင်လို့၊ သတိထားစေချင်လို့ ပြောတာပါ၊ အောင်မယ်. . . ဒီလိုများတောင် သစ္စာသဘော နဲ့တောင် အုပ်လိုက်သေးတယ်. . . (မှန်ပါဘုရား)။

အပြီးသတ်တော့ကိုတဲ့ ချောပစ်ကုန်းတိုက်တဲ့ဘက်ကိုရောက်သွားတာပဲတဲ့၊ အဲတော့ သူ့စိတ်ကိုသူနားမလည်တဲ့အတွက်၊ တစ်နည်း နားလည်ပြန်လည်း ဖုံးဖိတဲ့အတွက် စင်စစ်တော့ ကုန်းတိုက်တာပဲ၊ ပိသုဏာဝါစာ ဖြစ်တာ. . . (တင်ပါဘုရား)။

ပိသုဏာဝါစာကို မောင်စိန်ထွန်း သမ္ဘာဝါစာထင်နေတာ. . . (မှန်ပါ) သမ္ဘာဝါစာထင်နေတာ သဘောကျပလား ဘာကဘာဝင်လုပ်တယ်ဆိုတာ မင်းတို့ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)၊ ပိသုဏာဝါစာ က. . . (သစ္စဝါစာလုပ်နေတာပါဘုရား) သစ္စဝါစာဝင်ပြီးသကာလလုပ်လိုက်ပါတယ်တဲ့။

## ဒီစကားမျိုးရှိရင်မသုံးရဘူး

အစ်မတို့ ဒီစကားမျိုးဟာရှိတတ်တယ်နော်. . . (ရှိတတ်ပါတယ်ဘုရား)၊ ရှိရင်မသုံးရဘူးကွ. . (တင်ပါဘုရား) ရှိရင်မသုံးရဘူး၊ စကားတော့ရှိနေတာ ဦးမြအမှန်ပဲ. . . (တင်ပါဘုရား)။

သို့သော်လည်းတဲ့ သူ့ဟာသူမသိတဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ သိပ်ကိုမဝေဖန်တတ်တဲ့ပုဂ္ဂိုလ်တစ်ဦး

တစ်ယောက်ကျလာတော့ ဒီဟာသည်ငါ့စိတ်ထဲပေါ်နေတာ ကိုက ဒီလိုပြောလိုက်လို့ရှိရင် သူတို့တော့မတည့်ဘူးဆိုတဲ့ ဥစ္စာကို သူမသိဘူး. . . (တင်ပါဘုရား)။

မသိတော့ကိုတဲ့ အမှန်ပြောတယ်လို့ပဲထင်နေကယ် တဲ့၊ သူ့ဟာသူလည်းအမှန်ထင်နေတယ်၊ ချောပစ်ကုန်းတိုက် တာကော မသေချာဘူးလား. . . (တင်ပါဘုရား)၊ သူကလည်းအမှန်ထင်တုန်းပဲ၊ ချောပစ်ကုန်းတိုက်တာလည်း မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ သူက ဘယ် လိုထင်နေတုံး. . . (အမှန်ထင်နေပါတယ်ဘုရား)။

## အမှန်ပြောတယ်လို့ထင်နေတယ်

သူကတော့ အမှန်ပြောတယ်ထင်နေတယ်၊ ဟိုမှာ အဓိပ္ပါယ်ကတော့ ချောပစ်ကုန်းတိုက်တဲ့ဘက်ရောက်သွား တယ်၊ တစ်ယောက်နဲ့တစ်ယောက် မတည့်အောင်ပြောတဲ့ ဘက်ရောက်သွားတယ်၊ မရောက်ဘူးလား. . . (ရောက်ပါ တယ်ဘုရား)။

ပြောတဲ့ပုဂ္ဂိုလ်ကလည်း ကျုပ်တို့ကတော့ မှန်တာ ပြောသစ္စာပါပဲ မဟုတ်တာလုပ်ကြံပြီးသကာလမပြောတတ်

ပါဘူး၊ ကြားတာကြားတဲ့အတိုင်းပဲပြောတတ်တာပါပဲ၊ ဆိုပြီး သကာလဖုံးရဖိရခြေားသော်လည်း ဟိုပုဂ္ဂိုလ်မှာ ထပ်မေးတဲ့ စကားတွေထောက်ကြည့်ရင် အစ်မဘာဖြစ်သွားတုံး. . . (ချောပစ်ကုန်းတိုက်တာဖြစ်သွားပါတယ်ဘုရား)၊ ချောပစ်ကုန်းတိုက်တဲ့တရားဖြစ်မသွားဘူးလား မိန့်. . . (ဖြစ်ပါတယ်ဘုရား)။

## သီလပျက်နေတာ

သူ့ဟာသူကော သိရဲ့လား. . . (မသိပါဘူးဘုရား) သူသိနေတာကတစ်မျိုး. . . (မှန်ပါ) သူသိနေတာက သစ္စဝါစာ၊ သမ္မာဝါစာ၊ ကျုပ်ကိုယ့်သီလကိုယ်အပျက်ခံပြီး မဟုတ်တာတော့ အဟုတ်လုပ်ပြီးမပြောပါဘူး၊ သီလမပျက် ဘူး၊ ဘယ်သီလမပျက်ရမတုံးကွ သီလကပျက်နေတာ၊ ဟို လူတည့်သေးရဲ့လား. . . (မတည့်ပါဘူးဘုရား)။

မတည့်တော့သူ့ကြောင့်မတည့်ရတာမဟုတ်လား . . . (တင်ပါဘုရား)၊ သူ့ကြောင့်မတည့်ရတော့ ဦးညွန့် သီလကမပျက်သေးဘူးလား. . . (ပျက်ပါတယ်ဘုရား)၊ ပျက်ပေမယ့် သူက ကျုပ်ကကိုယ့်သီလအပျက်ခံပြီး

မဟုတ်တာတော့ လုပ်ကြံမပြောဘူးတဲ့၊ ဒီလိုဆိုလေ့ရှိတယ်၊ မောင်ချစ်ဆွေ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ကျုပ်ခင်ဗျားတို့နဲ့နေတာ တစ်သက်လုံးပဲ၊ ဘယ်အခါကာလမှ မဟုတ်တာကို မပြောတတ်တဲ့လူတစ်ဦးတစ်ယောက်ပဲ၊ ကျုပ်အကျိုးကို အယုတ်ခံပြီးသကာလ ခင်ဗျားတို့ကို မပြောပါဘူး၊ ကြားရင်ကြားတဲ့အတိုင်း ပြောလိုက်တာပဲ၊ ကြားတာတော့ မျိုသိပ်မထားတတ်ဘူး၊ ဆိုပြီးသကာလ သူ့စိတ်ထဲမှာ သစ္စဝါစာ၊ သမ္မာဝါစာ မောင်စိန်ထွန်းထင်ပါတယ်. . . (တင်ပါ)။

သူကိုယ်တိုင်မသိလို့ ပိသုဏဝါစာ ဖြစ်သွားတာ. . . (တင်ပါဘုရား)၊ မောင်အုံးလှိုင် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဘာဝါစာက ဘာဝါစာဖြစ်တာတုံးကွ. . . (သစ္စဝါစာက ပိသုဏဝါစာ ဖြစ်သွားတာပါဘုရား)။

## ကုန်းတိုက်တဲ့ဘက်ရောက်သွားတယ်

အဓိပ္ပါယ်ကမင်းတို့သေသေချာချာကြည့်၊ ဟိုပုဂ္ဂိုလ်က သဘောမကျတာတွေ့လိုက်ကတည်းကိုက သူပြောတဲ့စကားဟာက ချောပစ်ကုန်းတိုက်တဲ့ဘက် မရောက်ဘူးလား

. . . (ရောက်ပါတယ်ဘုရား)။

ရောက်ပင်ရောက်ငြားလည်း သူ့အထင်ကတော့ သစ္စဝါဒ၊ သမ္မာဝါဒ ဒီလိုပဲထင်ပစ်လိုက်ပါတယ်၊ မောင်စိန်ထွန်း မထင်တတ်ဘူးလား. . . (ထင်တတ်ပါတယ် ဘုရား)။

အဲတော့ ဒီပြောတဲ့ပုဂ္ဂိုလ်ကို စဉ်းစားပါတဲ့၊ စိတ်နှစ်ခု ဝေဖန် သိသေးရဲ့လား. . . (မသိသေးပါဘူးဘုရား)၊ မသိ တော့ စိတ်နှစ်ခုဝေဖန် မသိတဲ့အတွက် ကိုထွန်းအောင် ဒီ ပုဂ္ဂိုလ်ဟာ ထင်မိထင်ရာပြော၊ ထင်မိထင်ရာပြောဆိုတော့ မကောင်းတဲ့ဘက်သာ ပြောမိကြတာပေါ့၊ ဟုတ်ဘူးလား . . . (တင်ပါဘုရား)။

ဒါဖြင့် ပိသုဏာဝါစာ ချောပစ်ကုန်းတိုက်တဲ့အထဲက၊ (၁) မုသာဝါဒ၊ (၂) ပိသုဏာဝါစာ၊ (၃) ဖရုဿဝါစာ၊ (၄) သမ္ဖပ္ပလာပဝါစာ ဆိုတဲ့ ဝစီကံလေးပါး ချောပစ်ကုန်းတိုက်တဲ့ ဘက်ဆီရောက်သွားတော့ ကိုယ့်ခင်စေချင်တဲ့ သဘောလေး ပါသွားတယ်. . . (တင်ပါဘုရား)။

## လောဘနဲ့ပြောတာ

ချောပစ်ကုန်းတိုက်လိုက်တဲ့အခါကျတော့ ဟိုပုဂ္ဂိုလ်နဲ့ပျက်ပြီး ကိုယ်နဲ့ဆက်မိအောင်. . . (တင်ပါဘုရား)၊ မပါဘူးလား. . . (ပါပါတယ်ဘုရား)၊ အဲတော့ သူလောဘနဲ့ပြောနေတာ. . . (မှန်ပါ)၊ သစ္စာနဲ့ပြောတာလား၊ လောဘနဲ့ပြောတာလား. . . (လောဘနဲ့ပြောတာပါဘုရား)။

လောဘနဲ့ပြောတာကို သူက မောင်ကို ဘယ်နဲ့ထင်နေတုံးကွ. . . (သစ္စာနဲ့ပြောနေတယ်ထင်နေပါတယ်ဘုရား)၊ အပြီးသတ်တော့ ဒီ၊ အပြီးသတ်ပြီကော. . . (မှန်ပါဘုရား)။

ဟိုတစ်ယောက်သောပုဂ္ဂိုလ်ပြတ်၊ မိမိနဲ့ဆက်၊ မောင်အေးက ဒီလိုမရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ အဲဒီကတည်းက သူဟာက သူ့စိတ်သူသိသေးရဲ့လား. . . (မသိပါဘူးဘုရား)၊ သူနဲ့ဆက်မိအောင်ဆိုကတည်းက လောဘပါတယ်၊ ဟိုမှာလည်း ချောပစ်ကုန်းတိုက်တဲ့ဘက်ပါတယ်။ ဆိုသဖြင့် သူ့အသုံးအနှုန်းဟာ ဘယ်လောက်ပဲစကားတာရှည်သုံးနေစေကာမူ ပိသုဏာဝါစာပဲသွားဖြစ်တယ်၊ ချောပစ်ကုန်းတိုက်တာပဲ သွားဖြစ်ပါတယ်၊ သဘောကျပလား. . . (ကျပါ ပြီဘုရား)။

## ဘယ်ပုဂ္ဂိုလ်မျိုးဖြစ်တတ်သတုံး

ဒါဖြင့် ဒီဥစ္စာသည် ဘယ်ပုဂ္ဂိုလ်မျိုးဖြစ်တတ်ပါသတုံး ဆိုတော့ လုံးဝဗူးလုံးနားမထွေး၊ လောကီတော့နားလည်ပြီး လောကုတ္တရာက မဝေဖန်တတ်တဲ့ပုဂ္ဂိုလ်မှာ ဒီဥစ္စာအများကြီး ဖြစ်တယ်. . . (မှန်ပါ)။

ဒါကြောင့် များသောအားဖြင့် မောင်စိန်ထွန်း လောကုတ္တရာစိတ်နှစ်ခုကို ဝေဖန်တတ်တဲ့ပုဂ္ဂိုလ်ကရှားတယ်၊ မရှားဘူးလား. . . (ရှားပါတယ်ဘုရား)၊ သစ္စဝါစာက သစ္စဝါစာတစ်မျိုး၊ ပိသုဏဝါစာက ပိသုဏဝါစာတစ်မျိုး၊ သစ္စဝါစာဆို သီလမပျက်ဘူး. . . (မှန်ပါ)၊ ပျက်သေးရဲ့လား. . . (မပျက်ပါဘူး)။

ပိသုဏဝါစာဆိုတော့. . . (သီလပျက်ပါတယ်ဘုရား)၊ သီလပျက်တာနဲ့ သီလမပျက်တာဆိုတာက အတော်ပဲခြားနားနေတဲ့ဥစ္စာ သူ့စိတ်ထဲမှာ အတူတူပဲထင်လိုက်တယ် . . . (မှန်ပါ)၊ မထင်ဘူးလား. . . (ထင်ပါတယ်ဘုရား)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

သုံးကောမသုံးတတ်ကြဘူးလား. . . (သုံးကြပါတယ်ဘုရား)၊ သုံးတဲ့အတိုင်းလည်း ကိုယ့်ဟာကိုယ်တော့

အမှန်ပြောတာပါပဲလို့ကောမထင်ဘူးလား. . . (ထင်ပါတယ်ဘုရား)၊ နောက်ဆုံးပိတ်တစ်နေ့ကျတော့ သူအဖြေထွက်လာပါတယ်၊ သူ့ဟာ ဗိသုဏာဝါစာဖြစ်ကြောင်း မဖြစ်ကြောင်းကို ပြောတဲ့ပုဂ္ဂိုလ်က အဖြေထွက်သွားတယ်။

တိုးတိုးပြောပါ၊ တိုးတိုးပြောပါ တစ်ယောက်သောပုဂ္ဂိုလ်က အိမ်ရှင်ဆိုပါတော့ အို. . . မခံနိုင်လို့လဲသေသေကျုပ်ကကြားတာပြောတာ၊ သေတာပါလာတယ်. . . (တင်ပါဘုရား)၊ မပါဘူးလား. . . (ပါပါတယ်ဘုရား)၊ ပါလာကတည်းက ချောပစ်ကုန်းတိုက်တာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကျုပ်က ဘွင်းဘွင်းပဲတဲ့ မဟုတ်တာပြောလို့ရှိရင်တော့ ကျုပ်ပါးလာရိုက် ကိစ္စမရှိဘူး၊ အခုဟာက ကျုပ်ကိုပြောလို့ကျုပ်ကြားတာ အကုန်ပြောတဲ့ဥစ္စာပဲ၊ တိုးတိုးမပြောနိုင်ပါဘူး၊ ကျုပ်ကခပ်ကျယ်ကျယ်ပဲပြောတတ်တယ်။ ဝါသနာကိုက ဒီလိုပဲ၊ ဟား. . . ရှုပ်နေတာပဲ မရှုပ်ဘူးလား. . . (ရှုပ်ပါတယ်ဘုရား)၊ မိနစ်ကော ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒီလိုအဖြစ်တွေလူတွေမှာရှိတယ်ဆိုတာလည်း

ဘုရားဟောတော်မူတာ မလွဲပါဘူး. . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ အင်း. . . မောင်ကိုတို့များ အာကျယ်ကျယ်နဲ့ ပြောတာဆိုတာရှိသလားကွ. . . (ရှိပါတယ်ဘုရား)။

**အစမေမွေးကတည်းက**

ပြောတတ်ပါတယ်တဲ့ ဒီဥစ္စာ ကျုပ်ကအမေက မွေးကတည်းက မဟုတ်တာတော့ အဟုတ်လုပ်မပြောတတ်ဘူး၊ လာမှာပဲကွ. . . (တင်ပါဘုရား)၊ မွေးစဉ်က စကိုင်တာပဲ. . . (မှန်ပါ)၊ ဟိုလူယုံအောင် မွေးစဉ်က စကိုင်မှ ဖြစ်တော့မယ်ဆိုတော့. . . (မှန်ပါဘုရား)၊ ဟုတ်ဘူးလား. . . (တင်ပါဘုရား)။

မွေးစဉ်က စမကိုင်လို့ရှိရင် မောင်စိန်ထွန်း ဒီဥစ္စာ ဟိုပုဂ္ဂိုလ်ဟာ အယုံလွဲမှာကိုဗျ. . . (မှန်ပါအယုံလွဲမှာပါဘုရား)၊ အယုံလွဲမှာစိုးတဲ့အတွက်ခုနမွေးစဉ်က စကိုင်ပြီးတော့ ပြောတာ. . . (တင်ပါ)၊ ဦးမြရေ အတော်ဆိုးပါလားဗျ. . . (မှန်ပါဘုရား)။

မွေးစဉ်က စကိုင်ပြီးသကာလ တစ်ခါတည်းဟိုပုဂ္ဂိုလ်

မယုံယုံအောင် ပြောလိုက်တော့ ကြားရတဲ့စကားကလည်း မကောင်းပြန်တော့ ဒီလိုပြောသလား၊ ဟိုလိုပြောသလား ကျုပ်အကဲခတ်ဦးမှ၊ နောက် ကျုပ်နဲ့မျက်နှာချင်းဆိုင်တဲ့အခါ ကျုပ်မျက်နှာမကြည့်ပဲနေမှာမဟုတ်ဘူး တွေ့ပစေကွ မဆူ သေးဘူးလား. . . (ဆူပါတယ်ဘုရား)။

ဆူတဲ့အခါကျလို့ရှိရင် ဒီအဆူဟာ သူ့နဂိုကဆူနေ တာလား ကိုယ့်စကားကြောင့်ဆူတာလား. . . (ကိုယ့်စကား ကြောင့် ဆူတာပါဘုရား)၊ ဒါဖြင့် သူ့ဘာဆိုမတုံးကွ. . . (ချောပစ်ကုန်းတိုက်တာပါဘုရား)၊ ပိသုဏာဝါစာပေါ့၊ ပါဠိလို တော့ ပိသုဏာဝါစာပေါ့၊ မြန်မာလိုတော့ ချောပစ်ကုန်းတိုက် တာ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## မှန်တိုင်းပြောလို့ဘယ်ဖြစ်မတုံး

ကျုပ်ကမှန်တာပြောတာ မှန်တိုင်းပြောလို့ ဘယ်ဖြစ် မတုံးကွ၊ မပြောပဲငြိမ်နေတာနဲ့ပြောလိုက်လို့အပြစ်ရှိမှာနဲ့ ဘယ်ဟာကောင်းတုံး. . . (ငြိမ်နေတာကကောင်းပါတယ်ဘုရား) ပြီးတော့မမြဲနိုင်ဘူး ဝမ်းထဲမှာမြုံစိမြုံစိဖြစ်နေတာ၊ ပြောချင် နေတာကြာလှပြီတောင် လာလိုက်သေးတယ်၊ မလာဘူးလား

. . . (လာပါတယ်ဘုရား)၊ ဦးမြရေ လူ့ပြည်ကအတော်ရှုပ်တယ်နော်. . . (တင်ပါဘုရား)။

ဒါဝေ့လည်ကြောင်ပတ် လုပ်တဲ့စိတ်တွေလို့ မောင်စိန်ထွန်း မှတ်ကွ. . . (မှန်ပါဘုရား)၊ ကိုယ့်ဟာကိုယ်ကို မသိဘူး . . . (မသိပါဘူးဘုရား)၊ ကိုယ့်ဟာကိုယ်မသိဘူးတဲ့ ဟိုပုဂ္ဂိုလ် အမျိုးမျိုးအဖုံဖုံ၊ ဒေါသနဲ့မေးမြန်းနေတာတောင်မှ သူက လေရှည်တုန်းရှိသေးတယ်၊ မရှည်ဘူးလား. . . (ရှည်ပါတယ် ဘုရား)။

အကျိုးအကြောင်းတွေပြောပြီးသကာလ ကျုပ်အကြောင်းတော့သိသားပဲ ဘယ်တုန်းကမှ ထောက်ခံခဲ့တဲ့ သဘောမရှိပါဘူး၊ တကယ့်ကိုမှန်မှန်ပြောတတ်ပါတယ်၊ မှန်မှန်ဆိုတတ်ပါတယ်၊ အင်း. . . သူ့ဟာသူတော့ ဖုံးလျက်ဖိလျက်ပဲ ဟိုမှာတော့ ဒေါသတွေဆူနေပြီကွ။

## လူနှစ်ဦးကွဲစေချင်တဲ့စိတ်

ဒေါသထတာ. . . (ထပါတယ်ဘုရား)၊ ထပေမယ့်လည်းသူကပြောလျက်ပဲ၊ စကားမရပ်တာ ထောက်လိုက်လို့ရှိရင် သက်သက်ဒီလူနှစ်ဦးကို ကွဲပြားစေချင်တဲ့စိတ်ကပါ မပါ

. . . (ပါပါတယ်ဘုရား)။

ဟိုကကြပ်ကြပ်ဆူလေလေ သူကပင့်ပြီးကြည့်ပြီ ပြောလေလေပေါ့ကွာ၊ ဒီလိုမနေဘူးလား. . . (နေပါတယ် ဘုရား) ဒါက ဘယ်လို ပုဂ္ဂိုလ်တုံးဆိုလို့ရှိရင်ဖြင့်တဲ့ ကိုယ့် အကျိုးကိုသာ ငဲ့ပြီး ဟိုနှစ်ယောက် အကျိုးပျက်အောင် သူ့ တစ်ယောက်တည်း အကျိုးငဲ့ပြီး ဟိုနှစ်ယောက်ကွဲလို့ရှိရင် ဖြင့်၊ သူဟာကြားဝင်တဲ့ဆီကိုရောက်တယ်၊ မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အဲဒါ မျှော်ကိုး၊ မမျှော်ကိုး. . . (မျှော်ကိုးပါတယ် ဘုရား)၊ ရှင်းပလား မိနုရ. . . (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဘယ့်နဲ့လုပ်မတုံး ဒီစကားပြောရမလား မပြောရဘူးလား . . . (မပြောရပါဘူးဘုရား)၊ မပြောပဲနေတာကောင်းတယ် . . . (မှန်ပါဘုရား)။

## ကုန်းတိုက်တဲ့ဘက်ရောက်သွားတယ်

အဲတော့ မပြောခင်က သူကြားထားတာတွေပြော တော့ပြောတာပဲ၊ ပြောလိုက်လို့ရှိရင်ချောပစ်ကုန်းတိုက်တဲ့ ဘက်ကို သေချာသွားတော့မှာပဲ၊ ကိုယ်ကလည်း ပထမ

စေတနာနဲ့ အကောင်းပြောတယ်ထားဦး၊ နောက်ကျလို့ရှိရင် ကိုယ့်စကားအမှားအယွင်းတွေကလည်း ပါမလာဘူး လား. . . (ပါလာပါတယ်ဘုရား)။

အဲဒီကျအောင်ပဲ မဆင်ခြင်ပဲ ဆက်ပြီးပြောသွားမယ် ဆိုရင်ဖြင့်တဲ့ ဒါသေသေချာချာ ပိသုဏာဝါစာ ဆိုတဲ့ ချောပစ် ကုန်းတိုက်တဲ့သဘော သေချာသက်ရောက်တာပဲလို့ အစ်မတို့က မှတ်ရမယ်. . . (တင်ပါဘုရား)။

## ပြောမည်ကြံရင်ဂရုစိုက်

သူ့ပြောမယ်ကြံလို့ရှိရင် ပိသုဏာဝါစာ ဟုတ်မဟုတ် ကို သေသေချာချာကြည့်၊ ပထမခပ်တိုးတိုးလာတယ်. . . (တင်ပါ)၊ ချောပစ်ကုန်းတိုက်တော့မယ်ဆိုတဲ့လူဟာ ဖြန်းခနဲ ကျယ်ကျယ်ကြီး မပြောဘူး. . . (တင်ပါဘုရား)၊ ဘယ်လို ပြောလေ့ရှိတုံး. . . (တိုးတိုးပြောလေ့ရှိပါတယ်)။

တိုးတိုးပထမပြောလေ့ရှိတယ်၊ နောက်ဟိုပုဂ္ဂိုလ်က အားလုံးကြားကုန်မယ် သိလည်းတိုးတိုးကောင်းတယ်၊ မသိလည်းတိုးတိုးကောင်းတယ်၊ ဟာ. . . မတိုးနိုင်ဘူး သူက ချဲ့လာတာ၊ ပိသုဏာဝါစာ ဆိုတာမောင်စိန်ထွန်း ဘယ်ကနေ

စတုံး. . . (တိုးတိုးကနေစပါတယ်ဘုရား)၊ နောက်ကျတော့ ဟိုကအကြောင်းလေးပြလိုက်တော့ သူကျယ်လာတယ်. . . (တင်ပါ)၊ ဒီကတည်းက သစ္စဝါစာဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူးဘုရား)။

## ရန်ဖြစ်လေ ကျေနပ်လေ

အမှန်ပြောတာလို့ဆိုလို့ရသေးလား. . . (မရပါဘူးဘုရား)၊ သမ္မာဝါစာကောဟုတ်သေးရဲ့လား မဟုတ်ဘူး၊ ဟိုလူတွေရန်ဖြစ်လေလေ သူကကျေနပ်လေလေ ဒီလိုမနေဘူးလား. . . (နေပါတယ်ဘုရား)။

အဲတော့ ဒီစိတ်နှစ်ခုကို ဝေဖန်ပြီးသကာလ မသိဘူးတဲ့ သစ္စဝါစာအစစ်၊ အမှန်ပြောတဲ့သစ္စဝါစာ အစစ်ဆိုလို့ရှိရင်ဖြင့် ဒါပြောသင့်ပါတယ်နော်. . . ဟိုပုဂ္ဂိုလ်မှာ ချောပစ်ကုန်းတိုက်တာဘက်ရောက်သွားလို့ရှိရင် မောင်ကို မပြောထိုက်ဘူးပေါ့. . . (မပြောထိုက်ပါဘူးဘုရား)။

အဲတော့ မပြောထိုက်ပေမယ့်သူဆက်လက်ပြီး သကာလထောက်လိုက်လို့ရှိရင် မောင်အုန်းလှိုင်က ဘယ်လိုဆုံးဖြတ်ချက်ချမတုံး. . . (မသိလို့ပါဘုရား)၊ ဘာကို ဘာမသိ

တာတုံး သစ္စဝါစာနဲ့ . . . (ပိသုကာဝါစာ မသိလို့ပါဘုရား)။

ဒါဖြင့် ပယ်ရမည့်တရား၊ ပွားရမည့်တရား သိသေးရဲ့လား. . . (မသိပါဘူးဘုရား)၊ မသိတော့သူ့စိတ်သူ မသိဘူးအရှူးပဲ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘယ်လိုဆိုကြမတုံး . . . (အရူးနဲ့တူပါတယ်ဘုရား)၊ အရူးနဲ့တူတယ်။

## ခွဲခြားမသိဘူး

ဘာနှစ်ခုခွဲခြားဝေဖန်မသိတာလဲ. . . (ပိသုကာဝါစာနှင့် သစ္စဝါစာ ခွဲခြားဝေဖန်မသိတာပါဘုရား)၊ ခွဲခြားမသိဘူး. . . (တင်ပါ)၊ မောင်စိန်ထွန်း ဟုတ်ပလား. . . (မှန်ပါဘုရား)၊ ဒါသိတဲ့လူနဲ့ မသိတဲ့လူနဲ့ ဘယ်ဟာများတုံး . . . (မသိတဲ့လူကများပါတယ်ဘုရား)၊

ဘယ်သူ့မသိတာတုံးတဲ့ သူ့သန္တာန်ဖြစ်တဲ့စိတ်သူမသိဘူး. . . (တင်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဘယ်သူ့သန္တာန်ဖြစ်တာ ဘယ်သူမသိတာတုံး. . . (သူ့သန္တာန်ဖြစ်တာသူမသိတာပါဘုရား)၊ ဒီလိုဖြင့် ဒီလူဘယ့်နဲ့လုပ် အသုံးချမတုံး ခင်ဗျားတို့ စဉ်းစားကြည့်၊ သူ့သန္တာန်ဖြစ်နေတာ သူမသိဘူးဆိုတော့ သူ့ဟာအများလုပ်

နေတာမသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ပိသုဏာဝါစာ လုပ်နေတာကွ. . . (မှန်ပါဘုရား)၊ သူ့သန္တာန်ဖြစ်တာ သူသိလို့ရှိရင် ဒါဟာ ကိုယ့်စိတ်ကိုက မကောင်းဘူး၊ ကိုယ့်စိတ်ကမကောင်းတာ သူများသွားပြောလို့ သူများလည်း မကောင်းဖြစ်မှာပဲလို့ သိသေးရဲ့လား. . . (မသိပါဘူးဘုရား)။

## အရှုံးစကားကြောင့်ကွဲကြရတယ်

ဒါဖြင့်သူ့စိတ်မကောင်းတာလည်းသူမသိဘူး၊ သူများမကောင်းမှာကော. . . (သူမသိပါဘူးဘုရား)၊ ဒါဖြင့် သူ့အတွက်ကို ဘယ်လိုစဉ်းစားကြမတုံးဆိုလို့ရှိရင် အရှုံးစကားကြောင့် လူနှစ်ယောက်ကွဲရတဲ့ အခိပ္ပါယ်ရောက်တယ်. . . (တင်ပါဘုရား)။

မောင်ကို ဘယ့်နဲ့ရောက်တုံး. . . (အရှုံးစကားကြောင့် လူနှစ်ယောက်ကွဲရတယ်) အရောင်းအဝယ်ချင်း တူနေသော်လည်းကောင်း၊ မတူသော်လည်းကောင်း၊ မတည့်ကြတာသည်ကားဆိုလို့ရှိရင် ဒီကြားတစ်ယောက်ရှိနေလို့ . . . (တင်ပါဘုရား) မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲဒီပုဂ္ဂိုလ်ဟာ သူ့စိတ်သူမသိတဲ့ပုဂ္ဂိုလ်က ဝင်ပြောနေတာကွဲ၊ ဟုတ်လား. . . (တင်ပါဘုရား)၊ သူ့စိတ်သူမသိတဲ့ပုဂ္ဂိုလ်က ဝင်ပြောနေတာ မောင်စိန်ထွန်းရေ၊ ဒါသိတဲ့ပုဂ္ဂိုလ် နှစ်ယောက်ကလည်း ဝေဖန်နိုင်တဲ့ အခြေအနေမရောက်လို့ရှိရင် သိတဲ့ပုဂ္ဂိုလ် နှစ်ယောက်ကလည်းမသိတဲ့ဘက်ဝင်သွားတာ. . . (တင်ပါဘုရား)။

မဝင်ဘူးလား. . . (ဝင်ပါတယ်ဘုရား) ဒါကြောင့် မသိတဲ့လူ မီးရှို့တာနဲ့ ဟိုသိတဲ့ပုဂ္ဂိုလ်လည်း မသိသလို ထောက်ကုန်တာပဲ. . . (တင်ပါဘုရား) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## မသိတဲ့လူကမီးရှို့တယ်

ဘယ်သူကဝင်မီးရှို့တုံး. . . (မသိတဲ့လူကဝင်မီးရှို့ပါတယ်ဘုရား) မသိတဲ့ပုဂ္ဂိုလ်က မီးရှို့တော့ ဒီကမီးထောက်ပါတယ်ဆိုတော့ ဒီနှစ်ယောက်စလုံးဟာ သိတဲ့ဘက်ရောက်သလား မသိတဲ့ဘက်ရောက်သလား. . . (မသိတဲ့ဘက်ရောက်ပါတယ်ဘုရား) ဘယ်သူကောင်းသေးတုံး. . . (ဘယ်သူမှမကောင်းပါဘူးဘုရား)။

အင်း. . . ဘယ်သူ့မှသာမကောင်းတယ်၊ ဒီလိုဖြစ်နေတာတွေကတော့ တစ်ပုံကြီးပဲ. . . (မှန်ပါဘုရား) မရှိဘူးလား. . . (ရှိပါတယ်ဘုရား) ပေါ်ပလား. . . (ပေါ်ပါပြီ ဘုရား)။

မောင်အုံးလှိုင် ဒီဥစ္စာမှတ်ထားကွ၊ မသိတဲ့ပုဂ္ဂိုလ် မီးရှို့လို့ သိတဲ့ပုဂ္ဂိုလ်နှစ်ယောက် မသိတာထဲရောက်သွားတယ်၊ မသိတဲ့ပုဂ္ဂိုလ် မီးရှို့လို့ သိတဲ့ပုဂ္ဂိုလ်နှစ်ယောက်. . . (မသိတာထဲကို ရောက်သွားပါတယ်ဘုရား) မသိတဲ့ပုဂ္ဂိုလ်ထဲ အပါအဝင်ဖြစ်သွားတယ်၊ ဦးညွန့်ပါသေးဘူးလား. . . (ပါပါတယ်ဘုရား) သဘောကျပလား. . . (တင်ပါဘုရား)။

## သိတဲ့လူနှစ်ယောက်မီးထတောက်

မောင်ချစ်ဆွေက မင်းဘယ်နဲ့အောက်မေ့တုံး. . . (မသိတဲ့ပုဂ္ဂိုလ်ကမီးရှို့လို့သိတဲ့ပုဂ္ဂိုလ်နှစ်ယောက် မီးထတောက်ပါတယ်ဘုရား) သူလည်းမသိတဲ့ဘက်ရောက်သွားတယ်. . . (ရောက်သွားပါတယ်ဘုရား) မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

သူကတော့ပြောတာပဲ ကျုပ်ကတော့ တစ်ဖက်ကြား

တစ်ဖက်နားထားတာပါပဲ၊ တစ်ဖက်နားကတော့ဖြင့် အမှန်ထားတာ တစ်ဖက်နားကလည်း ထားလိုက်ကြတာပေါ့၊ ဘယ်လိုပဲပြောပြော စိတ်ထဲမထားပါဘူး၊ အောင်မယ်. . . အုပ်တော့အုပ်တယ် သို့သော် ဝမ်းထဲကတော့ ပူနေတယ် ဒေါသက. . . (တင်ပါဘုရား)။

ဝမ်းထဲကတော့ပူနေတယ်ကွ မောင်စိန်ထွန်းရ. . . (မှန်ပါဘုရား) တစ်ဖက်နားထားတယ်လို့သာပြောတာ ဝမ်းထဲက အလုံးအခဲကကြေရဲ့လား. . . (မကြေပါဘူးဘုရား) ဒါပါးစပ်မို့သုံးတာပါတဲ့ တစ်ဖက်နားထားတယ်ဆိုတာက။

သင်ပြောတာ ပြောတာတွေကြားပါရဲ့ ကြားတဲ့အတိုင်းလည်း ကျုပ်ယုံကြည်ပါရဲ့၊ သို့သော်လည်း ပွင့်လိမ့်မယ်လို့တော့ အောက်မေ့မနေနဲ့ တစ်ဖက်နားထားလိုက်တာပဲ၊ ဒီလိုက လာသေးတာ. . . (မှန်ပါဘုရား) မလာဘူးလား. . . (လာပါတယ်ဘုရား)။

တစ်ဖက်နားထားတယ်လို့ သူ့ဟာသူကြားတဲ့ပုဂ္ဂိုလ်ကအုပ်လိုက်တာ. . . (တင်ပါဘုရား)၊ အုပ်သာအုပ်တယ် သူ့စိတ်ထဲကျေနပ်ကဲ့လား၊ မကျေနပ်တာလား. . . (မကျေနပ်တာပါဘုရား) မကျေနပ်တာရယ်၊ တစ်ဖက်နားထားပါတယ်

ဆိုတော့ ဒါလျှောင်ထားတာပေါ့ကွ. . . (တင်ပါဘုရား) သဘောကျပလား. . . (သဘောကျပါပြီဘုရား)။

**ဝေသကာရပုဏ္ဏား**

ကဲ ဘယ့်နဲ့လုပ်ကြမတုံး ဒါတွေမသိလို့ရှိရင် တစ်တိုင်းတစ်ပြည်လုံးဟာ ဝေသကာရပုဏ္ဏားဝင်မီးရှို့လိုက်တဲ့ဥစ္စာ ဝေသာလီပြည်ကြီးပျက်တယ်ဆိုတာ၊ မပျက်ဘူးလား၊ ပျက်လား. . . (ပျက်ပါတယ်ဘုရား)။

မောင်အုန်းလှိုင်ဘယ်နဲ့ကြောင့်တုံးကွ. . . (ရမ်းပြီးရှို့လို့ပါဘုရား) ရမ်းပြီးရှို့ လိုက်တော့ အရှို့ခံရတဲ့ပုဂ္ဂိုလ်ကလည်း ဉာဏ်ပါသေးရဲ့လား. . . (မပါပါဘူးဘုရား) ရှို့တဲ့ပုဂ္ဂိုလ်ကတော့ကို သူ့စိတ်သူမသိတာဟာ ဉာဏ်မပါတာထင်ရှားပါတယ်တဲ့၊ အရှို့ခံရတဲ့ပုဂ္ဂိုလ်က နဂိုကဒီစိတ်မရှိပဲနဲ့ သူရောက်လာမှ ဒီစိတ်ပေါ်လာတာ ဟုတ်ဘူးလား. . . (မှန်ပါဘုရား)။

အဲတော့ ရှို့တဲ့ပုဂ္ဂိုလ်နဲ့ အရှို့ခံရတဲ့ ပုဂ္ဂိုလ်သည် ဘယ်သူကသာပြီး မသိသတုံးလို့ ဆိုလို့ရှိရင် ဘယ့်နဲ့ဖြေကြမတုံး . . . (ရှို့တဲ့လူကသာမသိပါဘူးဘုရား) ဘာဟုတ်မတုံးကွ၊

အရှို့ခံရတဲ့ပုဂ္ဂိုလ်က နဂိုကသူစိတ်ကောင်းကွ. . . (မှန်ပါ)။

## သူ့ပင်ကိုစိတ်ပျောက်သွားတယ်

နဂိုကစိတ်ကောင်း၊ ဒီလူရောက်တာနဲ့ဒီလူ့စိတ်ချည်းရောက်သွားတာ၊ သူ့ပင်ကိုယ် စိတ်ပျောက်သွားတာ. . . (တင်ပါ) မပျောက်ဘူးလား. . . (ပျောက်ပါတယ်ဘုရား) မောင်အုန်းလှိုင်ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊

ဘာပျောက်တာတုံး. . . (ပင်ကိုယ်စိတ် ပျောက်သွားတာပါဘုရား) ပင်ကိုယ်စိတ်ကအကောင်း ဒီလူကမပြောခင်တုန်းက သူ့ဘာစိတ်မှမရှိဘူး၊ ရိုးရိုးပဲရှိတယ်. . . (တင်ပါဘုရား) အင်း. . . ဒီလူရှို့လိုက်တဲ့မီးက ထ မတောက်ဘူးလား. . . (တောက်ပါတယ်ဘုရား)။

## ဘယ်သူကပိုမိုက်သတုံး

တောက်တဲ့အခါကျလို့ရှိရင်ဖြင့် နဂိုကလိမ္မာနေတာသူကပြောတာ. . . (မှန်ပါဘုရား) ဟိုကလိမ္မာနေတဲ့လူကမလိမ္မာသွားဖြစ်ရတယ် နားလည်ရဲ့လား. . . (လည်ပါတယ်ဘုရား) ဒါဖြင့် ဘယ်သူက ပိုမိုက်သတုံး. . . (အရှို့ခံရတဲ့

လူက ပိုမိုက်ပါတယ်ဘုရား)။

အရှုံးခံရတဲ့လူဟာ တိုတိုပြောကြပါစို့ ဆိုလို့ရှိရင်ဖြင့် ဒီက မီးရှို့ပေမဲ့ သူကလောင်စာမရှိလို့ရှိရင်တော့ မောင်ထွန်းလှိုင် ထ တောက်ပါ့မလား. . . (မတောက်ပါဘူးဘုရား) ဟုတ်ဘူးလား. . . (တင်ပါဘုရား)။

အဲတော့ရှို့တဲ့ပုဂ္ဂိုလ်မီးနဲ့ တောက်တဲ့ပုဂ္ဂိုလ်မီးနဲ့ တစ်ထပ်တည်း၊ ဘယ်သူကသာကြီးသတုံး. . . (အရှုံးခံရတဲ့ပုဂ္ဂိုလ်ကကြီးပါတယ်ဘုရား) အဲအရှုံးခံရတဲ့ ပုဂ္ဂိုလ်က ပိုမကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)။

ဒါဖြင့်သူကတော့ မမြင်အောင်လို့ မီးပွားလေးခပ်သေးသေးထည့်ပေးတာ ဟိုကတော့ မီးကိုထတောက်တာ၊ မတောက်ဘူးလား. . . (တောက်ပါတယ်ဘုရား)။

## နှစ်ခုပါမှဖြစ်တာ

စစ်ပွဲတွေဘာတွေဖြစ်တာ ဒါတွေပဲ. . . (တင်ပါ)၊ စစ်ပွဲတွေလေ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) ကမ္ဘာစစ်တွေ ဘာတွေဖြစ်တယ်ဆို အခုဟာနှစ်ခုမပါပဲနဲ့ ဖြစ်ကိုမဖြစ်ဘူး၊ သူတို့လက်သည်ပဲ. . . (တင်ပါဘုရား) မိနုကမ္ဘာစစ်၏

လက်သည်တွေ့ပလား. . . (တွေ့ပါပြီဘုရား)။

ဘာတွေတုံး. . . (ချောပစ်ကုန်းတိုက်တာပါ ဘုရား) အေး ချောပစ်ကုန်းချောတာပဲ သို့ပေမယ့် သူက မောင်ထွန်းလှိုင်ရ သိပ်ကြမ်းကြမ်းကြီးမဟုတ်ဘူး. . . (တင်ပါ) ကြားတာပြော တာပါပဲ၊ နေရာကျပလား. . . (ကျပါပြီဘုရား) တိုးတိုးပြောတော့ သိပြီးနေပြီကိုကွ. . . (မှန်ပါဘုရား) ဒီလိုမနေဘူးလား . . . (နေပါတယ်ဘုရား)။

## တိုးတိုးပြောလေ သိချင်လေ

တိုးတိုးပြောလေလေ သိချင်တဲ့စိတ်က များလေလေ ရှေ့ဆက်စကားနှိုက်တောင်းလေလေပဲ. . . (တင်ပါဘုရား) ဘာဖြစ်လို့တုံး မီးမတောက်ရလို့. . . (မှန်ပါ) အကုန်သာ ပြောပါတဲ့ရှိတာကို ဒီလိုမလာဘူးလား မောင်ချစ်ဆွေ. . . (လာပါတယ်ဘုရား)။

တကယ်မေတ္တာရှိရိုးမှန်လို့ရှိရင် ချန်ချက်တော့ မထားနဲ့ အကုန်သာပြော၊ ပြောသွားတော့ ဘယ်လိုမှကျုပ်က စိတ်မထားဘူး၊ ခင်ဗျားတော့ကျုပ်က ဘယ့်နဲ့မှသဘောမထား ဘူး၊ ခင်ဗျားတော့ အကောင်းဆိုတာယုံကြည်တယ်၊ နဂိုက

လည်း မလိမ်တတ်မကောက်တတ်ပါဘူး၊ ဟား သူ့စကား ရအောင် အကုန်တောင်းတော့တာပဲ. . . (မှန်ပါဘုရား)။

ဟိုကပြောချင်လို့လာတာ သူကမတောင်းမှာစိုးနေတာ. . . (တင်ပါဘုရား) အဲတော့ ဟိုကမတောင်း၊ တောင်းအောင်ကို စကားသုံးလာတာ မသုံးဘူးလား. . . (သုံးပါတယ်ဘုရား) ဒီကခပ်တိုးတိုးနဲ့ ပြောပြီးသကာလနေတော့ စကားအကုန်တောင်း၊ အကုန်တောင်းတဲ့အခါကျမှ ဖွင့်ချ၊ ဖွင့်ချမှဒီလိုနှစ်ယောက်မတည့်၊ မတည့်မှကိုယ်နဲ့နေရာကျမှာကိုကွ. . . (တင်ပါဘုရား) မောင်ကို. . . (တင်ပါဘုရား)။

## ချိန်ဆမှအမှန်ရောက်တယ်

အဲတော့ အခုမင်းတို့နှစ်ယောက်ပြောတဲ့ အနက်က ဟိုလူနှစ်ယောက်မှာ ပိုမိုပြီးသကာလ ဆိုးဝါးတော့တယ်ဆိုတာ ဒီပုဂ္ဂိုလ်ကတော့မီးလေးပဲ ဟိုမှာမီးကြီးသွားဖြစ်တယ် . . . (တင်ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား) မီးလေးမီးကြီးချိန်မှ မောင်ထွန်းလှိုင်က အမှန်ရောက်လာတာ. . . (တင်ပါဘုရား)။

ကြားတဲ့ပုဂ္ဂိုလ်ကလည်း ထောင်းခနဲထလာတာဆိုတဲ့ ဥစ္စာပြောနေကြတာပဲကွ. . . (တင်ပါ) မောင်အုန်းလှိုင်. . . (ပြောပါတယ်ဘုရား) ဒါဘာတုံးကွ. . . (ပိသုဏာဝါစာပါ ဘုရား) ပိသုဏာဝါစာကြောင့်ဖြစ်ရတဲ့မီး မဟုတ်လား. . . (တင်ပါဘုရား)။

ပိသုဏာဝါစာမှာ ဟိုပုဂ္ဂိုလ်က ဒေါသ၊ ပြောတဲ့ပုဂ္ဂိုလ် ကလောဘ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ အပြောခံရတဲ့ ပုဂ္ဂိုလ်ကကြွမ်းသွားတာ. . . (မှန်ပါဘုရား) မင်းတို့နေရာကျ ပလား. . . (ကျပါတယ်ဘုရား)။

အပြောခံရတဲ့ပုဂ္ဂိုလ်ကတော့. . . (ကြွမ်းပါတယ် ဘုရား) ဒေါသ သဘောနဲ့ကြွမ်းသွားတယ်၊ ပြောတဲ့ပုဂ္ဂိုလ် တော့ လောဘသမားမို့ သူကချိုတယ်၊ အဲဒါအကဲခတ်ကြည့် ပါလား သူဟာနဂိုတည်းက သူ့စိတ်သူသိသေးရဲ့လား. . . (မသိပါဘူးဘုရား) ကြားလို့ပြောတာပါ ဘယ်လိုမှတော့ မအောက်မေ့နဲ့ ဟိုကအုပ်လိုက်၊ ဖွင့်လိုက်၊ အုပ်လိုက် ဖွင့် လိုက် ဒီလိုချည်နေတာ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

ပိသုဏာဝါစာသမား၏အလုပ်ကျတော့ မောင်အုန်း လှိုင် အုပ်လိုက် ဖွင့်လိုက်

ဒီအတိုင်းလာတာပဲ. . . (တင်ပါဘုရား) နောက်ကျတဲ့ အခါကျတော့ အုပ်လိုက်ဖွင့်လိုက်သာ ဆိုတယ် သူဟာက ဟိုကဟာထက်တောင် ပိုချင်ပိုလာသေးတယ်. . . (တင်ပါ ဘုရား) ဦးမြ ပိုလာသေးတယ် မပိုဘူးလား . . . (ပိုပါတယ် ဘုရား)။

"ဒါတွေ အခုပြောတာရှိသေးတယ် နောက်ကဟာ သူပြောတာတွေ အများကြီးကျန်သေးတယ် လာချင်လာ နေမှာ". . . (တင်ပါဘုရား)။

**မစားရသောက်ရဘဲ ရှုပ်နေတာ**

ဒါတွေကတဲ့ မစားရမသောက်ရဘဲနဲ့ မောင်ထွန်းလှိုင် က ရှုပ်နေတာ. . . (တင်ပါဘုရား) ဘယ်နှယ်ဖြစ်နေတုံး. . . (မစားရမသောက်ရဘဲနဲ့ ရှုပ်နေတာပါဘုရား) ဟိုလူနဲ့ ဒီလူ ရှုပ်နေတာ ကြားကလူက စားရတယ်ကွ၊ ကြားကလူက စားရ တယ်. . . (တင်ပါ) ဟိုလူနဲ့က ပျက်သွားပေါ့ကွ. . . (တင်ပါ)

ပျက်သွားတော့ ပိသုကာဝါစာ သမားကတော့ လောဘနဲ့လုပ်တာ ဟိုကစကားယူလာတဲ့ အိမ်ရှင်ကလည်း အကျိုးပျက်သွားပြီ ဒီကနားထောင်ရတဲ့ ပုဂ္ဂိုလ်အိမ်ကကော . . . (ပျက်သွားပါပြီဘုရား) အကျိုးပျက်သွားပြီးတဲ့ သူ တစ်ယောက်ကတော့ ထိုက်တန်သလောက် ကျေးဇူးရှိတယ်။

## ကုန်းတိုက်တဲ့လူကကျေးဇူးရှိတယ်

ကုန်းတိုက်တဲ့လူကတော့ ထိုက်တန်သလောက် ကျေးဇူးရှိတယ် မရှိဘူးလား. . . (ရှိပါတယ်ဘုရား) အချင်းချင်းပဲ စားပါဦး သောက်ပါဦးလို့ သူလုပ်ခံရတာပဲ၊ နေပါဦး ထိုင်ပါဦးလို့ အခုပဲသွားမှာလို့ ပြောချင်ပြောနေမှာကွ၊ သူက ကြားချင်တာနဲ့ ညှိခံချင်တာကို. . . (တင်ပါဘုရား) သဘောပါပြီလား. . . (ပါပါပြီဘုရား)။

သူ့အတွက်ကတော့ဖြင့် လက်ဆောင်ပဏ္ဏာ ရင်လည်းရမယ် သူ့စိတ်ထဲလည်း စားပါဦး သောက်ပါဦး လည်းဖြစ်မယ်၊ သူကိုယ်တိုင်ဖောက်သည်အရင်းလည်း ဖြစ်ချင်ဖြစ်သွားမယ်၊ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ် ဘုရား)။

## သူတို့မှာတော့ အကျိုးမျက်တယ်

ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) ဒါဖြင့် လူနှစ်ယောက်မှာ အကျိုးပျက်တယ်၊ သူတစ်ယောက်မှာအကျိုး ထိုက်တန်သလောက်ရှိတယ်၊ မောင်ချစ်ဆွေ ဘယ့်နဲ့တုံးကွ . . . (မှန်ပါဘုရား)။

## ကိုယ့်စိတ်ကိုယ်သိမှုဟာအရေးအကြီးဆုံး

မောင်စိန်ထွန်း လူ့ပြည်နေချင်သေးရဲ့လားကွ မင်း၊ မောင်အုန်းလှိုင်ရေ အသေအချာစဉ်းစားတော့ ကိုယ့်စိတ်ကိုယ်သိမှုဟာ မောင်စိန်ထွန်းတို့ အရေးကြီးဆုံးပဲကွ. . . (တင်ပါဘုရား) ကိုယ့်စိတ်ကိုယ်မှမသိတဲ့လူတစ်ဦးတစ်ယောက်ဟာဖြင့် မောင်ထွန်းလှိုင် အမှန်သွားလိမ့်မယ်လို့ ထင်သလား. . . (မသွားပါဘူး) အမှန်မသွားပါဘူး။

ဒါကြောင့် စိတ္တာနုပဿနာသည် သောတာပန်တည်တဲ့အခါကျလို့ရှိရင် စိတ္တာနုပဿနာမှ တည်ငြိမ်တယ် ဆိုတဲ့ ဥစ္စာဟာ သူ့စိတ်သူသိလို့ စိတ်ကိုငါစွဲမစွဲဘူး. . . (တင်ပါဘုရား)။

## စိတ်ဖြစ်တိုင်းသိရင် သက္ကာယဒိဋ္ဌိပြုတ်တယ်

စိတ်ဟာတယ်ဆိုးတဲ့စိတ်ပါလား၊ အကောင်းထားလည်းအကောင်းမဖြစ်ဘူး၊ အဆိုးထားလည်းအဆိုးပဲဖြစ်နေတာပဲဆိုပြီး စိတ်ဖြစ်တိုင်းသိနေတဲ့ ပုဂ္ဂိုလ်ဟာ သက္ကာယဒိဋ္ဌိပြုတ်တယ်. . . (မှန်ပါ) မပြုတ်ဘူးလား. . . (ပြုတ်ပါတယ်ဘုရား) စိတ်ဖြစ်တိုင်းသိတော့ သက္ကာယဒိဋ္ဌိပြုတ်တယ်. . . (မှန်ပါ)။

ဝင်းမောင်ကောကွ နားလည်ရဲ့လားမင်း. . . (နား လည်ပါတယ်ဘုရား) နားလည်အောင်ဘယ့်နဲ့လုပ်ကြမတုံး . . . (စိတ်ဖြစ်တိုင်းသိအောင်လုပ်ရမှာပါဘုရား) စိတ်ဖြစ်တိုင်း သိအောင်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ နေရာကျပြီ၊ သိအောင်လုပ်နိုင်တဲ့ပုဂ္ဂိုလ်ဆရာကလည်း နည်းပေးထားပြီ၊ သတိပဋ္ဌာန် ဘုရားကနည်းပေးထားတော့ ရှုရမှာနဲ့ပွားရမှာ ဒီနှစ်ခုလာမှာပဲ မောင်စိန်ထွန်းရ. . . (မှန်ပါဘုရား)။

သိတဲ့ပုဂ္ဂိုလ်ကျတော့ ရှု ပွား နှစ်ခုတော့လာတော့မှာ . . . (တင်ပါဘုရား) မလာပေဘူးလား. . . (လာပါတယ် ဘုရား) လုံးဝမသိတဲ့ပုဂ္ဂိုလ်ကျတော့ ရှုမှု ပွားမှု ကိုထွန်းအောင် ဘယ့်နဲ့နေတုံး. . . (မရှိပါဘူးဘုရား)။

ပွားမှုပါပျက်တယ်၊ မကောင်းတာပွားတယ်၊ ဒီလို မနေဘူးလား. . (နေပါတယ်ဘုရား) မကောင်းတာမှပွားပြီး သကာလ နေတာထောက်လို့ရှိရင် မောင်အုန်းလှိုင် သူ့စိတ် သူမသိတော့ဘူး. . . (တင်ပါဘုရား) ပြောရင်းပြောရင်းနဲ့ လှည့်သွားတာကွ ကိုယ့်ဟာကို. . . (တင်ပါ) မလှည့်ဘူးလား . . . (လှည့်ပါတယ်ဘုရား)။

ကျုပ်ကတော့ အမေအဖေကို ပြောချင်တဲ့အခါကျ တော့ အမှန်ပြောလိုက်တာပဲ၊ အမှန်ပြောတာက သူဟိုမှာ ချောပစ်ကုန်းတိုက်တာ လှည့်သွားတာပဲ. . . (တင်ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါဘာမှခင်ဗျားတို့က စျေးရောင်းစျေးသည် တောင်မှ ဒီစျေးသည်ကကောင်းတယ်ကွ ရောင်းတဲ့ပုဂ္ဂိုလ် ကလည်း ရောင်းပြီးပြီးတာပဲ၊ ကိုယ့်အရပ်ထဲက ကိုယ့်အကျိုး စီးပွားအလိုရှိသလိုလိုနဲ့ ကိုယ်ကလည်းသူ့ကျမှ စကား ကောင်းတွေက လာသေးတာဗျ. . . (မှန်ပါဘုရား) ဒီပြင့်လူ ကျတော့ ဒီစကားလာလား. . . (မလာပါဘူးဘုရား) လာရဲ့ လား ဦးဝင်း. . . (မလာပါဘူးဘုရား)။

## ဒေါသဖြစ်ချင်လို့မေးတာ

ဒီနီးနီးနားနားဆိုရင်ဖြင့် ဘာများကြားသေးတုံး၊ ဘယ် သူများဘာဖြစ်သေးတုံးဆိုတာ ကိုယ့်ကိုယ်ကလည်း ဒေါသ ဖြစ်ချင်လို့မေးတာ. . . (တင်ပါဘုရား) ဘာများကြားသေးတုံး မမေးတတ်ဘူးလား. . . (မေးတတ်ပါတယ်ဘုရား)။

မေးတတ်တော့ သူမေးတာထောက်ကြည့်လို့ရှိရင် သူဘာဖြစ်ချင်လို့တုံး၊ ကောင်းတာကြားချင်လို့လား၊ မကောင်းတာကြားချင်လို့လား. . . (မကောင်းတာကြားချင်လို့ပါဘုရား) ဒေါသဖြစ်ချင်လို့မေးတာ၊ မေးကတည်းက ဒီကိုယ်နဲ့အရောင်းတူသော်လည်းကောင်း၊ ကိုယ့်အပေါ်မှာ မစ္ဆေရ ရှိတဲ့လူအပေါ်လည်းကောင်း ဒါတွေမေးနေတာများတယ်. . . (များပါတယ်ဘုရား)။

## ဘယ်လိုနေတာကောင်းသတုံး

ကျန်းမာပါရဲ့လား ချမ်းသာပါရဲ့လားဆိုတာ အဝေးသွားမေးတာ ဟုတ်ဘူးလား၊ အဝေးကိုသာ မသိရတဲ့ပုဂ္ဂိုလ်ကိုသာ ကျန်းမာပါရဲ့လား ချမ်းသာပါရဲ့လား လာတာ၊ သိတဲ့ပုဂ္ဂိုလ်ကျတော့ ဘာပြောသတုံး မင်း. . . (တင်ပါဘုရား) သဘောပါပလား. . . (ပါပါပြီဘုရား) ဒါဖြင့် ဘယ်လိုနေတာကောင်းသတုံး. . . (ကိုယ့်စိတ်ဖြစ်တာ သိအောင်လုပ်တာကောင်းပါတယ်ဘုရား)။

သူကတော့ ကောက်ကျစ်ပြီးလာတော့ သဘောကိုက ကောက်ကျစ်လာတဲ့သဘော၊ အဖြောင့်လာတဲ့

သဘောလည်း အဖြောင့်လာတဲ့သဘော၊ အဖြောင့်လာတဲ့ သဘောလည်းကွာ ဖြစ်ပျက်သာရှုပစ်လိုက်၊ သူပေါ်လာ ဖြစ်ပျက်သာရှု၊ သူကနဂိုဖြစ်ပျက်ကိုကွ. . . (တင်ပါဘုရား)

နဂိုဖြစ်ပျက်ဆိုတော့ မောင်ကိုကဘာလုပ်မတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) အင်း. . . အဖြောင့်လာတဲ့တရားလည်း သူလည်းဖြစ်ပျက်ပါလို့ တစ်တန်းတည်းထားလိုက်ပါ၊ ဦးဝင်း ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဝိပဿနုပက္ခာဉာဏ်

အဖြောင့်လာတဲ့ တရားကိုလည်းဖြစ်ပျက်ရှု၊ အကောက်လာတဲ့ တရားကော. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် နှစ်ခုစလုံး ဖြစ်ပျက်ချင်း တူမသွားဘူးလား. . . (တူသွားပါတယ်ဘုရား) တူသွားတော့ ဒီဉာဏ်သည်တဲ့ မင်းတို့တစ်ခါတည်း ဝိပဿနုပက္ခာဉာဏ် ဖြစ်သွားတယ်၊ ဝိပဿနာရှုတုန်းကို တစ်တန်းတည်းထားတယ်၊ ကောင်းတဲ့စိတ် မကောင်းတဲ့စိတ်ကို တစ်တန်းတည်းထားနိုင်သောကြောင့် သင်္ခါရုပက္ခာဆိုတဲ့ဉာဏ် ကိုကပ်သွားတယ်၊ မင်းနောက်က သွားလို့ပြောတာပဲ. . . (တင်ပါဘုရား) သဘောကျပလား. . . (သဘောကျပါပြီဘုရား)။

## အဖိုးတန်လို့ပြောရတာ

မောင်စိန်ထွန်း ဘယ်ကပ်သွားတုံး၊ သင်္ခါရုပက္ခာ ဉာဏ် ဖြစ်သွားတာပေါ့ကွာ၊ ဒါအင်မတန်အဖိုးတန်လို့ ပြောရတာကွ. . . (တင်ပါဘုရား) ဘုရားက ဝိတရာဂစိတ္တံ၊ ဝိတရာဂစိတ္တန္တိ၊ ဝိတရာဂစိတ္တံ ကောင်းတဲ့စိတ်ကိုလည်း ဝိတရာဂစိတ္တန္တိ ကောင်းတဲ့စိတ်လို့ ပဇာနာတိ သိအောင်လုပ်ရမယ်. . . (တင်ပါဘုရား)။

ဒါ ရာဂကင်းတဲ့ စိတ်ပဲတဲ့ ရာဂကင်းတဲ့စိတ်ပေမယ့် သိအောင်သာ လုပ်ပစ်တာ အေးပါတယ်. . . (တင်ပါဘုရား) မသိရင် သူ့နောက်က အဝိဇ္ဇာကလိုက်ဦးမှာ၊ အဲတော့ မောင်စိန်ထွန်း ကောင်းတဲ့စိတ်လည်း မသိပြန်ဘူးကွ၊ အဝိဇ္ဇာကမလိုက်ဘူးလား. . . (လိုက်ပါတယ်ဘုရား) အဲတော့ စိတ်ဖြစ်တာသိသေးရဲ့လား. . . (မသိပါဘူးဘုရား) နေရာကျပလားကွ. . . (နေရာကျပါပြီဘုရား)။

## ကောင်းတဲ့စိတ်လဲရှု

ဒါဖြင့် ဘုရားက ဘယ်စိတ်မရှုနဲ့လို့မပါဘူး. . . (တင်ပါဘုရား) မောင်ကို ရှုတာအကောင်းဆုံးပဲ. . . (တင်

မကောင်းတဲ့စိတ်က လောဘနဲ့ဒေါသ လာမှာကိုကွ၊ လောဘ ဒေါသပဲလာမယ်၊ အဲတော့ လောဘ ဒေါသဆို တော့ ပဋိစ္စသမုပ္ပါဒ်အလယ်က မလာဘူးလား. . . (လာပါ တယ်ဘုရား) အလယ်ကနေပြီး ဟိုဘက်အဆုံးသွားပစ်လိုက် တာ မသွားဘူးလား. . . (သွားပါတယ်ဘုရား) ကဲ မှတ်မိ ပလားကွ. . . (မှတ်မိပါပြီဘုရား)။

ကောင်းတဲ့စိတ်ကိုမရှုလို့ ပဋိစ္စသမုပ္ပါဒ်စတယ်၊ မကောင်းတဲ့စိတ်ကိုမရှုမိလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်အလယ်ကနေ စပြီး အဲဆုံးကျအောင်သွားတယ်. . . (တင်ပါဘုရား) ကဲ ဦးညွန့် ဘယ်ဟာကောင်းသေးတုံး. . . (ဘယ်ဟာမှ မကောင်းပါဘူးဘုရား)။

## ဘယ်စိတ်လာလာဖြစ်ပျက်ရှု

ဒါဖြင့် ဘယ့်နဲ့လုပ်မတုံး ဘယ်စိတ်လာလာ ခင်ဗျား တို့ဖြစ်ပျက်ရှု ဟုတ်ဘူးလား. . . (မှတ်ပါတယ်ဘုရား) ဘယ်စိတ်လာလာ ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား) ဒါဖြင့် သတိပဋ္ဌာန်လွတ်လို့ မရဘူးပေါ့ကွ. . . (မရပါဘူးဘုရား)။

ပါဘုရား) ကောင်းတဲ့စိတ်လည်းရှု၊ မကောင်းတဲ့စိတ်လည်းရှု ဆိုရင်ဖြင့်၊ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ပဋိစ္စသမုပ္ပါဒ်ဆက်မှု၊ ပဋိစ္စသမုပ္ပါဒ်စမှုကို အင်မတန်ကြောက်တယ် မဟုတ်ဘူးလား. . . (တင်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်အစလည်း ကောင်းတဲ့စိတ်ကို မရှုမိလို့ ရှိရင်လည်း မင်းတို့အဝိဇ္ဇာကလာပစ်လိုက်တာ. . . (တင်ပါဘုရား) မလာဘူးလား. . . (လာပါတယ်ဘုရား) အဲတော့ ပဋိစ္စသမုပ္ပါဒ် အစပေါ်လာတယ်. . . (ပေါ်ပါတယ် ဘုရား) မောင်အုန်းလှိုင်. . . (တင်ပါဘုရား) ဘာဖြစ်တုံး. . . (ပဋိစ္စသမုပ္ပါဒ် အစပေါ်ပါတယ်ဘုရား)။

## မကောင်းစိတ်လဲရှု

ဘာမရှုမိလို့တုံး. . . (ကောင်းတဲ့စိတ်ကို မရှုမိလို့ပါဘုရား) ကောင်းတဲ့စိတ်ကိုမရှုမိလို့ ပဋိစ္စသမုပ္ပါဒ် အစပေါ်တာ မကောင်းတဲ့စိတ်၊မရှုမိရင်ဖြင့် နဂိုကမကောင်းတော့ အလယ်က ပဋိစ္စသမုပ္ပါဒ် ဖောက်ထွက်သွားတာ အလယ်က နေပြီး ပဋိစ္စသမုပ္ပါဒ် အဆုံးကျအောင်သွားပစ်တာ မကောင်းတဲ့ စိတ်ကို မရှုမိလို့. . . (တင်ပါဘုရား)။

ကောင်းတဲ့စိတ်လာရင်လည်း ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား) မရှုမိဘာဖြစ်မတုံး၊ ပဋိစ္စသမုပ္ပါဒ် အစပေါ်လာတယ်၊ အစပေါ်လာတော့ အဆုံးကျအောင် သွားမယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မကောင်းတဲ့စိတ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်အလယ်ကနေ ဖောက်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ပဲ. . . (တင်ပါဘုရား) ဒါရှုဖြစ် အောင်ရှုပါ၊ ရှုလို့ရှိရင် အလယ်က စပြတ်သွားတယ်၊ မရှု တော့ပါဘူးဆိုရင် အဆုံးကျအောင်သွားမယ်. . . (တင်ပါ ဘုရား) ဒါမျိုးတွေစာထဲရေးထားလို့မဖြစ်ဘူးနော်. . . (မှန် ပါဘုရား) ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုပစ်ရမှာပါဘုရား)။

## ပေါ်လာရင်သိအောင်လုပ်

ပေါ်လာလို့ရှိရင်သိအောင်လုပ်ရမယ်၊ ကောင်းတဲ့ စိတ်လာလဲ အို. . . ရှုသာရှု ရှုတော့ကောင်းသထက်ကောင်း တယ်၊ ကောင်းတဲ့စိတ်လာတုန်း ပထမကုသိုလ်၊ ဥပမာမယ် ကောင်းတဲ့စိတ်ကလေးလာတယ်၊ သူတစ်ပါးကြေးစည်သံ ကြားလို့သာဓုခေါ်နေတယ်၊ ကောင်းတဲ့စိတ်ကလေးဆိုကြပါ စို့. . . (တင်ပါဘုရား) လာနေတဲ့ကောင်းတဲ့စိတ်ကလေးကို

မရှုမိတော့ ဘာဖြစ်သွားတယ်သိသေးရဲ့လား. . . (မသိပါဘူး ဘုရား) မသိတော့အဝိဇ္ဇာလိုက်နေတယ် မလိုက်ဘူးလား (လိုက်ပါတယ်ဘုရား)။

ကြေးစည်က တောက်လျှောက်ထုနေမှာမှ မဟုတ်ပဲ . . . (တင်ပါဘုရား) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) တောက်လျှောက်ထုနေရင်လည်း သာခုဆက်သွားရင်လည်း ကောင်းသားပေါ့၊ ခုဟာကသာခုဆက်ကဲ့လား. . . (မဆက် ပါဘူးဘုရား)။

သာခုမဆက်တော့ ပထမသာခုပြီး နောက်ကိုယ့်ဟာ ကိုယ်ဘာဖြစ်တယ်လို့သိသေးရဲ့လား. . . (မသိပါဘုရား) မေ့ သွားတယ်၊ မေ့သွားတာ အဝိဇ္ဇာပဲကွ ရှင်းပလား. . . (ရှင်းပါ ပြီဘုရား)။

အဲတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ မောင်စိန်ထွန်း ဒါအစဉ်တိုင်းတော့ သွားရမှာပဲ၊ ဘုရားပွင့်လည်း ဒါသွားရမှာပဲ. . . (တင်ပါဘုရား) ဘုရား မပွင့်လည်း. . . (သွားရမှာပါဘုရား)။

## ရှုတတ်တဲ့စိတ်ဟာဘုရားပွင့်ဒါပဲ

ဒါ ဘုရားပွင့်မပွင့်ဆိုတာ ကိုယ့်စိတ်မှာရှုတတ်တဲ့စိတ် ဟာဒါဘုရားပွင့်တာပဲ. . . (မှန်ပါဘုရား) ဟုတ်ဘူးလား . . . (တင်ပါဘုရား) ဘုရားမပွင့်ခင်တော့ ကိုယ့်ဟာကို ပဋိစ္စသမုပ္ပါဒ်တန်းနေတော့ မပွင့်တာပေါ့ကွ၊ မောင်အုန်းလှိုင် ပွင့်သေးရဲ့လား. . . (မပွင့်ပါဘူးဘုရား)။

## ကိုယ့်စိတ်ထဲမဂ်ပေါ်အောင်လုပ်ပါ

အဲတော့ မင်းတို့ကဘုရားပွင့်မပွင့်ကို အချိန်ဆွဲမနေ ပါနဲ့ ကိုယ့်စိတ်ထဲပွင့်အောင်လုပ်ပါ၊ ကိုယ့်စိတ်ထဲမဂ်ပေါ် အောင်လုပ်လိုက်ရင် ဒါဘုရားပွင့်တာပဲ၊ ဖြစ်ပျက်ရှုလို့မဂ်ပေါ် ရင် ဘုရားပွင့်တာပဲ. . . (တင်ပါဘုရား)။

ကိုယ့်စိတ်ထဲ မဂ်မပေါ်လို့ရှိရင်ဘယ်နဲ့ဆိုကြမတုံး . . . (ဘုရားမပွင့်ပါဘူးဘုရား) ဘုရားလည်းအနားမရှိဘူး . . . (တင်ပါဘုရား) ဘုရားလည်းမပွင့်ဘူး၊ မောင်ချစ်ဆွေ ဆိုနိုင်မလား. . . (ဆိုနိုင်ပါတယ်ဘုရား) အဲတော့ကို ဒါရှင်း ရှင်းလင်းလင်းသိထားမှ နေရာကျမယ်. . . (မှန်ပါဘုရား)။

မောင်စိန်ထွန်း ဒီဥစ္စာတွေကို မင်းသေချာမှတ်မှနော် . . . (မှတ်ပါတယ်ဘုရား) သေချာမှတ်မှဆိုတဲ့ဥစ္စာလည်း ခန္ဓာကိုယ်ထဲမှာပင် မင်း ချောချောမောမောစိတ်ဟာ တယ် လာခဲ့တယ်၊ ဝင်နှောက်တဲ့ စိတ်တွေချည်းလာတယ်၊ ဖြောင့်ဖြောင့်တင်းတင်းစိတ်က မိန့် တယ်မလာဘူး၊ ဘယ် ဒီနား လေးဖြောင့် ဟိုနားကောက်ပြီးတော့သွားတယ်. . . (တင်ပါဘုရား) ဘယ့်နဲ့တုံး အစမှာဖြောင့်တယ်၊ ကြာရှည် ကျတော့ ကောက်သွားတယ်။

## အစမှာတော့ဖြောင့်ပါတယ်

အစမှာတော့. . . (ဖြောင့်ပါတယ်ဘုရား) ကြာရှည် ကျတော့. . . (ကောက်သွားပါတယ်ဘုရား) ဒါဖြင့်သူ့ဟာက အကောက်ဘက်ချည်းလှည့်နေတယ်. . . (တင်ပါဘုရား) အကောက်ပဲများနေတယ် ကိုထွန်းအောင်က. . . (မှန်ပါ ဘုရား)။

အဲတော့ ခင်ဗျားတို့ကလည်းမသိတော့ ကြာတော့ လူပါအကောက်နောက်ပါသွားတယ်. . . (မှန်ပါ ကီလေသာ လွှမ်းမိုးနေပါတယ်ဘုရား) ကီလေသာ လွှမ်းမိုးနေတော့ ကီ

လေသာဆွဲချရာကို ကျန်တဲ့ ရုပ်နာမ်ကြီးကပါသွားတာပဲ. . . (ပါပါတယ်ဘုရား) မပါဘူးလား. . . (ပါပါတယ်ဘုရား)။

အဲဒါကိုကောက်သမှ တချို့အကောက်ကျတော့ကို ဒီထွန်တုံးအပေါ်မှာ စိုက်ပြီးကောက်တဲ့ အကောက်အတိုင်းပဲ . . . (တင်ပါဘုရား) ဒီထွန်တုံးပေါ်မှာ ကောက်ထားတဲ့ထွန်တုံးကောက်ဆိုတာရှိတယ်. . . (တင်ပါ) အဲဒီအကောက်က တစ်မျိုး၊ ဒီနွားများလမ်းမှာ ကျင်ငယ်စွန့်သွားတဲ့အခါကျတော့ ဒီကျင်ငယ်ကြောင်းဟာ အဆစ်ကလေးလို ကောက်သွားတာ မရှိဘူးလား. . . (ရှိပါတယ်ဘုရား) သဘောပါပလား. . . (ပါပါတယ်ဘုရား)။

## ကောက်ပုံကအမျိုးမျိုးရှိတယ်

အဲဒီအကောက်ကတစ်မျိုးတဲ့၊ ကောက်ပုံကိုရှင်းပြမလို့ ရယ်မနေနဲ့ဦး၊ တော်ကြာကျလို့ရှိရင် ကောက်ပုံက အမျိုးမျိုးရှိတယ်. . . (တင်ပါဘုရား) သဘောကျပလား . . . (သဘောကျပါပြီဘုရား) ဒီထွန်တုံးကောက် ကောက်တာကော. . . (တစ်မျိုးပါဘုရား) နွားကျင်ငယ်သွားသလို ကောက်တာကော. . . (တစ်မျိုးပါဘုရား) အဲဒီအကောက်

ကသာမစိပ်ဘူးလား. . (စိပ်ပါတယ်ဘုရား) သဘောကျပလား။

ဒီ့ပြင်လည်း ကောင်းပြီတဲ့ ထွန်တုံးကောက်ကတော့ ဒီလိုကောက်တယ်၊ ပြီးတော့ လ ခုံးကြီးကောက်တာလည်း ရှိသေးတယ်၊ လ ခုံးကထွက်စမှာ ခပ်ဖြောင့်ဖြောင့်လေး ကောက်တာ ရှိသေးတယ် မရှိဘူးလား. . . (ရှိပါတယ်ဘုရား) အဲဒီလ၏အရိပ်ကောက်သလို ကောက်တာကလည်း ရှိသေးတယ်၊ အကောက်ဘယ်နှစ်မျိုးရှိတုံး. . . (သုံးမျိုးပါဘုရား)။

## ဒေါသကောက်

အဲဒီ့အကောက်သုံးမျိုးဟာတဲ့ ဒကာဒကာမတို့ မှတ်စရာက ဒေါသကောက်သည်ကားလို့ဆိုရင်ဖြင့် လ လေး ကောက်သလိုပဲ သူကတော့နည်းနည်းလေးကောက်တယ် သဘောကျပလား. . . (သဘောကျပါပြီဘုရား)။

## မောဟကောက်

မောဟအကောက်ကတော့ ခုနင်က ထွန်တုံးကိုင်း ကောက်သလိုကောက်တာ၊ လောဘကျတော့ကော နွားကျင်

ခက်တယ်. . . (တင်ပါဘုရား) သူကတော့ထွန်တုံးကိုင်းလို ကောက်နေတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ထွန်တုံးကိုင်းလိုကောက်တယ်ဆိုတော့ ခုနင်က လ လေးကောက်လောက် အဖြောင့်လွယ်ရဲ့လား. . . (မလွယ် ပါဘုရား) သူကတော်တော်မှုသေနေပြီ. . . (တင်ပါ) ခုနင်က နွား လမ်းသွားရင်း ကျင်ငယ်စွန့်တော့ကောက်သလိုကောက် တာက သာခက်တယ်၊ တောက်လျှောက်ကြီးပဲ၊ ဒီလိုမနေဘူး လား. . . (နေပါတယ်ဘုရား) အဲဒီအကောက်သုံးမျိုးတို့တွင် ဘယ်အကောက်ကြောက်စရာကောင်းတုံး. . . (လောဘ အကောက်ကြောက်စရာအကောင်းဆုံးပါဘုရား)။

## လောဘကောက်ကအဆိုးဆုံး

ပြီးတော့မှ မောဟကောက်. . . (တင်ပါဘုရား) ပြီး တော့မှ. . . (ဒေါသကောက်ပါဘုရား) ဒေါသကောက် ကြောက်စရာကောင်းတယ်ဆိုတော့ အဆိုးဆုံးကတော့ လောဘကောက်က အဆိုးဆုံးပဲ. . . (တင်ပါဘုရား) ရှင်းပ လား. . . (ရှင်းပါပြီဘုရား)။

ငယ်ကောက်သလိုကောက်တာ. . . (တင်ပါဘုရား)
သူကသာ အဆိုးဆုံးပဲ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## လောဘကောက်

လောဘကောက်တာ အဆိုးဆုံးပဲ၊ ချက်ချင်း ကောက်ကောက်ပစ်တာ. . . (တင်ပါဘုရား) အခုမျက်နှာ ကြည်နေတယ်၊ အခုမျက်နှာပြောင်းသွားတယ်၊ လောဘနဲ့ ပတ်သက်တာကဒီလိုမရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အခုပဲ မျက်နှာတည်တည်ဖြစ်နေတာ တော်ကြာ မချိုမချဉ်ဖြစ်လာပြန်ပြီ၊ လောဘကောက်က၊အဲဒီလောဘ နဲ့ပတ်သက်တာ ကောက်တာကတော့ ခုနင်က နွားကျင်ငယ် သွားတဲ့အခါ ကောက်သလိုကောက်တာပေါ့. . . (တင်ပါ) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မင်းတို့ဘယ်အကောက်ကများတုံး. . . (လောဘကောက်ကများပါတယ်ဘုရား) ဒေါသကောက်က ပြေလွယ်တယ်တဲ့ နဂိုကမှ လ ရေးရေးလေးလိုပဲ၊ ကောက်နေ တာက ဖြောင့်လိုက်လို့ရှိရင် ဒေါသကောက်က လွယ်တယ် . . . (တင်ပါ) မောဟကောက်ကျတော့ ဒေါသထက်တော့

လောဘကောက်ကဘယ့်နဲ့ကြောင့်တုံးဆိုတော့ သူက ကြည့်ကောင်းသလိုလိုနဲ့ကောက်တာ၊ လူတွေဒီ လုံကွင်းတွေ ဘာတွေဝတ်တဲ့အခါကျရင် အံချိပ်ကလေးတွေ ဘာလေးတွေပါရင် အင်မတန်ကြိုက်တယ်ကွ မကြိုက်ဘူး လား. . . (ကြိုက်ပါတယ်ဘုရား) ရိပ်မိပလား လောဘ ကောက်ကို ကြိုက်ချင်ကြတယ်။

ဒေါသကောက်ဆိုလို့ရှိရင်ဒီလောက်မကြိုက်ဘူး၊ မောဟကောက်ဆိုရင်လည်း သူမသိလို့ကြိုက်တယ်၊ ဘယ် အကောက်ပိုကြိုက်တုံး. . . (လောဘကောက်ကိုပိုကြိုက် ပါတယ်ဘုရား) လောဘအကောက်ကိုပိုကြိုက်တယ်ဆိုတာ မောင်အုန်းလှိုင် ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)

ကောင်းပြီ ဒါဖြင့် ဩော်. . . တကယ့်ကို သမုဒယ သစ္စာဆိုတဲ့ လောဘကောက်ကအဆိုးဆုံး၊ အဆိုးဆုံးကို မခွဲနိုင်တာကများတယ်၊ ဦးမြ ဆိုထိုက်မဆိုထိုက်. . . (ဆို ထိုက်ပါတယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

**ဘယ်အကောက်များသတုံး**

ဒါဖြင့် ဘယ်အကောက်များသတုံးမေးလို့ရှိရင်

ခင်ဗျားတို့က ဘယ့်နဲ့ဖြေမတုံး. . . (လောဘကောက်က များပါတယ်ဘုရား) လောဘကောက်ကများပါတယ်၊ ဒေါသနဲ့ကောက်တာကနည်းတယ်. . . (နည်းပါတယ်ဘုရား) မောဟနဲ့ ကောက်တာကတော့ အလတ်စားများတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား) မောင်အုန်းလှိုင် ဘယ်အကောက်များတုံး (အားလုံးပဲများပါတယ်ဘုရား)။

တချို့နေရာကျတော့လည်း ဒေါသကောက်ပေါ့ကွာ၊ ရောင်းချင်လျက်နဲ့ မရောင်းချင်ဘူး၊ ဟန်လုပ်နေတဲ့ ဒေါသကောက်ကရှိသေးတယ်၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား) အဲဒါကျတော့ ဖြောင့်လို့လွယ်တယ်. . . (တင်ပါ) ဟုတ်လား နောက်တစ်ခွန်းပြောရင်တည့်တော့မှာပဲကွ သူဟာက၊ ဒေါသကောက်ကတည့်လွယ်တယ်၊ မတည့်လွယ်ဘူးလား. . . (တည့်လွယ်ပါတယ်ဘုရား) အလကားဟန်လုပ်နေတာကိုကွ ဒေါသကောက်က။

## မောဟကောက်

မောဟကောက်ဆိုလို့ရှိရင်ဖြင့် တော်တော်ပဲဆွဲယူပြီးစကားတွေတစ်ဖက်အစီအစဉ်ချပြောနေရတယ်. . .

ထိုင်ချင်တဲ့အခါကျတော့ကြည့်ပါတဲ့၊ သူတို့ဆီက ငွေလိုချင်တာကိုပင်လျှင် လောဘကငွေလိုချင်တာပေါ့လေ၊ ဒီမှာအမြင်ခံပါ တစ်ခါတည်း အမျိုးမျိုးအဖုံဖုံ ကောက်ကွေ့ထားတာတွေကမရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

တံဆိပ်ပြောင်းတပ်လိုတပ်၊ အမျိုးအမည်ပြောင်းလိုပြောင်း၊ လောဘကောက်ထားလိုက်တဲ့ဆိုင်မှာရှုပ်နေတာပဲ၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား) အပေါ်ကဖုံးထားတာကတစ်မျိုး၊ အောက်ကရှိတာကတစ်မျိုး တစ်နည်း အောက်ကကောင်းတာကတစ်မျိုး၊ အပေါ်ကဖုံးထားတာကတစ်မျိုးနဲ့ ဒါဘယ်သူကောက်ထားတာတွေထင်တုံး. . . (လောဘကောက်ထားတာပါဘုရား) အတော်အဖြေခက်နေတာ. . . (မှန်လှပါဘုရား)။

## ဒေါသကောက်

တစ်ဆိုင်လုံးမှာ ဘယ်သူခြယ်လှယ်နေတာတုံး. . . (လောဘခြယ်လှယ်နေတာပါဘုရား) လောဘခြယ်လှယ်နေတယ်၊ လောဘခြယ်လှယ်နေတော့ ခင်ဗျားဟာ ထားပုံသိုပုံကတော့ သေချာကြည့်တဲ့အခါမှ အကုန်တစ်သဘောတည်း

(တင်ပါ) လောဘကောက်ကတော့ဖြင့် ဘယ်နည်းနဲ့ မှဖြေလို့မရဘူး၊ တော်တော်နဲ့သူဖြေလို့မရဘူး၊ သူကလည်း သူ့ဘက် ရအောင် ဆွဲနေတာပဲ၊ ကိုယ်ကလည်း ကိုယ့်ဘက် ရအောင် ဆွဲနေတာပဲ. . . (တင်ပါဘုရား) အဲတော့ လျှာက လျှာရှည် သွားတာပဲ၊ မရှည်ဘူးလား. . . (ရှည်ပါတယ်ဘုရား)။

**လောဘကောက်ကကြောက်စရာအကောင်းဆုံး**

ဒါဖြင့်လောဘကောက်က အချိန်အများဆုံးဖြုန်းတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဘယ်အကောက်ကသာပြီး ကြောက်စရာကောင်းတုံး. . . (လောဘအကောက်ကသာကြောက်စရာကောင်းပါတယ်ဘုရား) မင်းတို့ကလည်း ဒါလေးအဖော်မရှိရင် နေမှမနေတတ်ပဲ. . . (တင်ပါဘုရား) ဒီအကောက်လေးနဲ့မှနေတတ်တယ်. . . (တင်ပါဘုရား)။

ဘာနဲ့နေတတ်တုံး. . . (လောဘအကောက်ကလေးနဲ့မှနေတတ်ပါတယ်ဘုရား) လောဘအကောက်နဲ့ သာနေတတ်တယ်၊ ဒေါသအကောက်နဲ့ဆိုလို့ရှိရင်ဖြင့် ဆိုင်ကိုမထိုင်ဖြစ်ဘူး၊ လောဘအကောက်နဲ့ဆိုရင် နေဖြစ်တယ်. . . (တင်ပါ) သဘောကျပလား. . . (သဘောကျပါပြီဘုရား)။

တော့ မဟုတ်ဘူးဆိုမှ ဒေါသကောက်က ဝင်လာတာ. . . (တင်ပါဘုရား) မဝင်လာဘူးလား. . . (ဝင်လာပါတယ် ဘုရား)။

တစ်ခါတလေကျတော့ မဟုတ်ပါဘူး၊ ဒီလိုမပြောပါနဲ့ ဒီလိုမဆိုပါနဲ့ဆိုတော့ ဒေါသကောက်ကဝင်လာတာ. . . (တင်ပါဘုရား)၊ ကောက်တော့ကောက်ထားတာပဲ၊ ကောက်ပင်ကောက်ငြားသော်လည်း ဒေါသက ဖြစ်လာသေးတာပဲကွ၊ ကဲ မောင်စိန်ထွန်း ကုန်သည့်လုပ်ရတာ လွယ်ပါ့မလား. . . (မလွယ်ပါဘူးဘုရား)။

## ဆုတ်ကပ်ကာလကျတော့

အကောက်မပါရင်လည်း ဘယ့်နဲ့တုံး. . . (မဖြစ်ပါဘူးဘုရား) ခက်နေပြီကောကွ၊ မိနု အင်မတန်ကျပ်နေပြီကောဟင်. . . (တင်ပါဘုရား) အဖြောင့်ကဒီလိုဖြစ်နေတာကိုကွ၊ တက်ကပ်ကာလကျတော့ တစ်ယောက်ကတစ်ယောက် ပိုဖြောင့်သွားတာ၊ ဆုတ်ကပ်ကာလကျတော့ တစ်ယောက်က တစ်ယောက် ပိုကောက်သွားတာ. . . (တင်ပါဘုရား) လောဘကဒီလိုကွ။

ဆုတ်ကပ်ကာလကျတော့ ဘယ့်နဲ့တုံး. . . (တစ်ယောက်နဲ့တစ်ယောက် ပိုကောက်သွားပါတယ်) ဉပမာကိုထွန်းအောင်နဲ့ကိုထွန်းအောင်သား၊ ကိုထွန်းအောင်ရဲ့မြေးပိုမိုပြီးသကာလ ကောက်တယ်၊ ဆုတ်ကပ်မှာ. . . (တင်ပါဘုရား)။

## တက်ကပ်ကာလကျတော့

တက်ကပ်ကာလကျတော့ကို အရင်လူထက်နောက်လူက ပိုပြီးဖြောင့်တယ်. . . (တင်ပါဘုရား) ဟိုပုဂ္ဂိုလ်အသက်တိုသွားတာ ဒါကြောင့်တိုသွားတာ၊ ငါဒီထက်ရှည်အောင်လုပ်မယ်ဆိုပြီးတော့ အဖြောင့်ချည်းလိုက်လိုက်သွားတာ. . . (တင်ပါဘုရား) မလိုက်ပေဘူးလား. . . (လိုက်ပါတယ်ဘုရား)

တက်ကပ်ကာလကျတော့ ဘယ့်နဲ့ဆိုမတုံး. . . (အဖြောင့်လိုက်ပါတယ်) အဖြောင့်များတယ်၊ တစ်ယောက်ထက်တစ်ယောက် ပိုဖြောင့်တယ်. . . (တင်ပါဘုရား)။

## ဆုတ်ကပ်မှာအကောက်များတယ်

ဆုတ်ကပ်ကာလကျတော့. . . (အကောက်များပါတယ်ဘုရား) တစ်ယောက်ထက်တစ်ယောက် ကောက်သွားတယ်. . . (တင်ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆုတ်ကပ်လူဖြစ်ရတာ မဆိုးဝါးဘူးလား. . . (ဆိုးဝါးပါတယ်ဘုရား) ဆိုးဝါးတယ်တဲ့၊ ဆိုးဝါးပေမယ့်လည်း ဆရာကောင်းသမားကောင်းတွေ့မယ်ဆိုရင် ဆုတ်ကပ်က မဂ်ဖိုလ်ရတယ်. . . (တင်ပါဘုရား) တက်ကပ်ကမဂ်ဖိုလ်မရဘူး၊ အေးလေ အဲဒါသာ ဝေဖန်ပြန်တော့. . . (တင်ပါဘုရား)။

## ဆုတ်ကပ်မှာမှမဂ်ဖိုလ်ရတယ်

ဆရာကောင်းသမားကောင်းနဲ့တွေ့ရင် ဆုတ်ကပ်က မဂ်ဖိုလ်ရတယ်၊ တက်ကပ်ကမရဘူး၊ တက်ကပ်ကတရားအားထုတ်မရဘူး၊ သူ့မှာဘာဖြစ်ဖြစ်အတက်ချည်းဖြစ်နေတာကိုကွ၊ အနိစ္စဝင်လို့မရဘူး. . . (တင်ပါဘုရား) ရပ့်မလား . . . (မရပါဘုရား) အတက်ချည်းဖြစ်နေတာကို . . . (မှန်ပါ)။

အရင်မွေးတဲ့လူက(၁၀၀)ဆိုရင် နောက်မွေးတဲ့လူက (၁၁၀). . . (တင်ပါဘုရား) ဆိုတော့ အနိစ္စကကွယ်ကွယ်မသွားဘူးလား. . . (ကွယ်ပါတယ်ဘုရား) အဲတော့တက်ကပ်မှာဘုရားမပွင့်ဘူး၊ ဆုတ်ကပ်မှာ. . . (ဘုရားပွင့်ပါတယ်ဘုရား) ဘုရားပွင့်ရတယ်ဆိုတာ တရားဟောလွယ်လို့ပြစရာတွေကများတယ်၊ သူ့အမြင်ကလည်းများတယ်။

## တက်ကပ်မှာဘုရားမပွင့်ဘူး

ဘုရားကလက်ညှိုးညွှန်ပြတာလည်း နဂိုကသိပြီး သားတွေကများတော့ ညွှန်လို့လည်းလွယ်တာပေါ့. . . (တင်ပါ ဘုရား) မလွယ်ဘူးလား. . . (လွယ်ပါတယ်ဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်များ တက်ကပ် ဘယ်တော့မှမပွင့်ဘူး၊ ဆုတ်ကပ်မှာပွင့်တယ်၊ ဆုတ်ကပ်ပေမယ့်လည်း ရာတန်းလောက်ကျမှ ပွင့်မှာကို၊ ရာတန်းက စပွင့်တာ. . . (တင်ပါဘုရား) သဘောပါပလား . . . (သဘောပါပြီဘုရား)။

## နိဗ္ဗာန်ကျတော့ဆုတ်ကပ်ကကောင်းတယ်

ဒါဖြင့် ဘုရားပွင့်လာတာ ထောက်လိုက်ပြန်လို့ရှိ ရင်လည်း ဆုတ်ကပ်ကကောင်းတယ်၊ ကျွတ်တမ်းဝင်ဖို့ရာနီး တယ်. . . (တင်ပါဘုရား) နတ်ပြည်၊ ဗြဟ္မာပြည်လောက် အဲဒီ လောက်ဆိုရင် တက်ကပ်က ကောင်းတယ်. . . (တင်ပါ) နိဗ္ဗာန်ကျတော့ ဆုတ်ကပ်ကကောင်းတယ်။

သူက သံဝေဂရစရာများတယ်၊ တက်ကပ်ကျ သံဝေဂ ရစရာနည်းတယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဒါဖြင့်

ဘယ် ဟာမင်းတို့ကြိုက်တုံး. . . (ဆုတ်ကပ်ကြိုက်ပါတယ် ဘုရား) ဒါ ဆုတ်ကပ်ကြိုက်ပေမယ့် ရာတန်းအောက် သွားမကြိုက်နဲ့. . . (တင်ပါဘုရား)။

ရာတန်းအောက်ကြိုက်လို့ကတော့ တရားပေ့ါလို့ မဖြစ်တော့ဘူး. . . (တင်ပါဘုရား) လောဘ၊ ဒေါသ သိပ်လွန်ကဲသွားပြီ၊ ဒီကရှေ့ဆိုရင် ဒီထက်ဆိုးမယ်. . . (တင်ပါ ဘုရား)။

## တရားလက်ခံနိုင်မှုနည်းလာပြီ

အမျိုးမျိုးအဖုံဖုံစိတ်တွေက ဖောက်ပြန်မလာပေဘူး လား. . . (လာပါတယ်ဘုရား) တရားလက်ခံနိုင်တဲ့ အခြေ အနေဟာ အခုမနည်းဘူးလားဗျာ. . . (နည်းပါတယ်ဘုရား) တရား လက်ခံနိုင်မှု. . . (နည်းပါတယ်ဘုရား) တစ်နေ့က အချိန်နဲ့ အခုအချိန်နဲ့ကို ကွာသွားတယ်. . . (မှန်လှပါ ဘုရား)။

## ဒီထက်ဆိုးချင်ဆိုးမယ်

နောက်ဆို ဒီထက်ဆိုးချင်လည်းဆိုးမယ်. . . (ဆိုး မှာပါဘုရား) အဲတော့ ဆုတ်ယုတ်တာက မများဘူးလား. . .

(များပါတယ်ဘုရား) သူဘယ်လမ်းကသွားရင် ငါဘယ်လမ်း ကနေ ရှောင်မယ်ဆိုတဲ့ ဥစ္စာ အခုသာတစ်ယောက် တစ်ယောက်ကောင်းနေသေးလို့ ရှောင်လုံးပေလုံး မလုပ်ကြ သေးတာကိုကွ. . . (တင်ပါဘုရား)။

နောက်ကျတော့ သူက ဟိုလမ်းလိုက်ရင် ငါဟိုလမ်း သွားရင်လွတ်တယ်ဆိုပြီးတော့ ရှောင်လုံးပေလုံးတွေ တစ်ယောက်စိတ်ကို တစ်ယောက်သိလာပြီဆို ဖောက်လာ တယ်. . . (တင်ပါ) မဖောက်ပေဘူးလား. . . (ဖောက်ပါ တယ်ဘုရား) သဘောပါကျပလားကွ. . . (ပါပါပြီဘုရား)။

## နိဗ္ဗာန်နဲ့ပတ်သက်ရင်ဆုတ်ကပ်ကောင်းတယ်

ဒါဖြင့် ဘယ်ဟာ ကောင်းသတုံး၊ ဆုတ်ကပ်နဲ့တက် ကပ်. . . (ဆုတ်ကပ်က ကောင်းပါတယ်ဘုရား) ဆုတ်ကပ် ရာတန်းအထက်မှာကောင်းတယ်၊ ရာတန်းကစပြီးတော့နော် . . . (တင်ပါဘုရား)။

ကောင်းပြီ. . . ဒါက နိဗ္ဗာန် နဲ့ပတ်သက်ရင် ဆုတ်ကပ် ကောင်းတယ်. . . (တင်ပါဘုရား) ဖြဟ္မာ့ပြည်၊ နတ်ပြည် လောက်မှန်းတဲ့ပုဂ္ဂိုလ်ဆိုရင် တက်ကပ်ကကောင်းတယ်၊ ဟုတ်

ပလား. . . (တင်ပါဘုရား) နိဗ္ဗာန်မှန်းတဲ့ပုဂ္ဂိုလ်မှာ. . . (ဆုတ်ကပ်ကောင်းပါတယ်ဘုရား)။

## နတ်ပြည်မှန်းရင်တက်ကပ်ကောင်းတယ်

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်လောက်မှန်းတဲ့ ပုဂ္ဂိုလ်ကျတော့ တက်ကပ်ကောင်းတယ်တဲ့၊ အဲတော့ ကောင်းတဲ့ ကပ်ကို ရှာတော့ကို ဆုတ်ကပ်မှာ ဆရာကောင်းသမား ကောင်း တွေ့တဲ့ပုဂ္ဂိုလ်က ကံကောင်းတယ်. . . (တင်ပါဘုရား)။

မောင်စိန်ထွန်း ဆုတ်ကပ်ဆိုတော့ တရားဟောရတာ မလွယ်ဘူးလားကွာ. . . (လွယ်ပါတယ်ဘုရား) အဲဒီမှာလည်း ဆရာကောင်းသမားကောင်း မတွေ့လို့ရှိရင်လည်း ဆုတ်ကပ်မှာ လောဘပိုသွားတယ် မပိုဘူးလား. . . (ပိုပါတယ်ဘုရား) တွေ့တဲ့ပုဂ္ဂိုလ်ကျလည်း သံဝေဂရစရာများလို့ သူဟာ မဂ်ဖိုလ်နဲ့နီးသွားတယ်၊ မိန့ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကဲ. . . ဝင်းမောင်တို့ကောကွ. . . (သဘောကျပါတယ်ဘုရား) အဲဒါဝေဖန်သိထားမှကွ၊ မောင်ကို

ဝေဖန်သိထားမှ. . . (တင်ပါဘုရား) လူ့ပြည်မှာလူဖြစ်ရတာ ကောင်းတယ်၊ ဘာကြောင့်ကောင်းသတုံး၊ ကိုယ့်အဖေ၊ အမေ တွေသေသွားပြီ၊ ဟုတ်ဘူးလား. . . (တင်ပါဘုရား) ဒီလို ထိုးထိုးထွင်းထွင်း ဖြတ်လမ်းတွေကို မနာရဘူး . . . (တင်ပါဘုရား) သဘောကျပလား. . . (သဘောကျပါပြီ ဘုရား)။

## ဆရာကောင်းနဲ့မတွေ့လို့

သူတို့က ကိုယ့်ထက် အသက်ကလေး နည်းနည်း သာသေးတယ်. . . (မှန်ပါဘုရား) သာပေမယ့် သူတို့အတွက် တော့ သုဂတိနတ်ပြည်လောက် သူရောက်သွားတယ်၊ မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား) နိဗ္ဗာန်ရောက် အောင် သွားရဲ့လား. . . (မသွားပါဘူးဘုရား) အဲတာ ဆရာကောင်း သမားကောင်းမတွေ့လို့၊ ဆုတ်ကပ်ချင်းတော့ အတူတူပါပဲ . . . (တင်ပါဘုရား)။

သို့သော် ကိုယ်နဲ့စာရင် သူတို့က အသက်တော့ကြီး တယ်. . . (တင်ပါဘုရား) အချိန်ပိုင်းနဲ့တွက်ရင်နော်၊ လပိုင်း ရက်ပိုင်းနဲ့တွက်ရင် မောင်စိန်ထွန်း မရှိဘူးလား. . . (ရှိပါတယ်ဘုရား) သဘောပါပလား. . . (ပါပါတယ်ဘုရား)။

## ဆရာသမားအပေါ် မှီတယ်

ဒါဖြင့် ဘယ့်နှဲ့လုပ်ကြမတုံးကွ၊ ဆရာသမားအပေါ် မှီတာပဲ. . . (မှီပါတယ်ဘုရား) မောင်ချစ်ဆွေ. . . (မှန်ပါဘုရား) တက်ကပ်လည်း ဆရာသမားအပေါ်. . . (တင်ပါ) ဆုတ်ကပ်မှာကော. . . (ဆရာသမားအပေါ်မှီပါတယ်ဘုရား)။

ဆရာသမားအပေါ်မှီတယ်ဆိုတော့ တက်ကပ်မှာ မှီရတာနဲ့၊ ဆုတ်ကပ်မှာမှီရတာနဲ့ တက်ကပ်မှာကျတော့ကို ခုနထွက်ရာလမ်းတရားရှားတယ်. . . (တင်ပါဘုရား)။

## သုဂတိလောက်နဲ့တင်းတိမ်နေတယ်

ဒီထက်ကောင်းဖို့၊ သူ့ထက်ကောင်းဖို့ဆိုပြီး၊ ခန္ဓာကောင်းဖို့ပဲကြိုးစားနေကြတယ်. . . (တင်ပါ) ခန္ဓာပြတ်ဖို့တော့ကြိုးစားသလား. . . (မကြိုးစားပါဘူး) အင်း. . . အစ်မတို့ အမေအဖေ၊ မိန့်တို့အမေအဖေ အဘိုးအဘွားတွေတုန်းကတော့ တက်ကပ်တော့တက်ကပ်ပဲ၊ ဘာဖြစ်လို့တုံး အခုလူတွေနဲ့စာရင် သူတို့ကတက်ကပ်၊ ဟုတ်ဘူးလား. . . (တင်ပါဘုရား)။

သို့သော်လည်း သူတို့မှာတဲ့ ဆရာကောင်းသမား ကောင်းမတွေ့တဲ့အတွက် ခုနင်ကသုဂတိလောက်နဲ့ တင်းတိမ် မသွားကြဘူးလား. . . (တင်ပါဘုရား) ဘာဖြစ်လို့ တုံးဆိုတော့ တက်ကပ်သဘောပြနေတာကို. . . (မှန်ပါ ဘုရား)။

## ကုန်းတိုက်တာထင်ရင်မပြောနဲ့တော့

အခု ဆုတ်ကပ်မှာ ဆရာကောင်းသမားကောင်း တွေ့တဲ့အခါကျတော့ တော်ပြီကွာ၊ ဒီလမ်းမသွားချင်တော့ ဘူး၊ ဒီလမ်းဟာ သိပ်ကြမ်းတယ်. . . (မှန်ပါဘုရား) မလာ ပေဘူးလား. . . (လာပါတယ်ဘုရား) အဲဒီလို ဉာဏ်တွေက ထိုးထွင်းသွားတယ်၊ သဘောကျပလား. . . (သဘောကျပါ ပြီ ဘုရား)။

ဒါဖြင့် မင်းတို့သည် စကားပြောမယ့်ကြံလို့ရှိရင်၊ ကိုယ်က ဒီစကားကို အကောင်းပြောမည့်ကြံလို့ရှိရင်၊ အ အကောင်းပြောမှာကိုပင်လျှင် ဟိုမှာကုန်းတိုက်တာ ဖြစ်လိမ့် မယ်ထင်လျှင် မပြောနဲ့တော့. . . (တင်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အကောင်းပြောမည့်စိတ်ဖြစ်ပျက်ရှု

ဟိုပုဂ္ဂိုလ်မှာ ကုန်းတိုက်တာဖြစ်မယ်ထင်လို့ရှိရင်ဖြင့် ကိုယ်အကောင်းပြောမည့်စိတ်ကလေးကိုပဲ ကိုယ့်ဟာကိုယ် မျိုသိပ်လည်းမထားနဲ့. ဖြစ်ပျက်ရှုပစ်လိုက်. . . (တင်ပါဘုရား)။

တကယ့်ကို မပြောပဲမနေနိုင်လို့ အကောင်းပြောလို့ ရှိရင်လည်း ဟိုပုဂ္ဂိုလ်ကိုမင်းတို့ တစ်ခါတည်းရန်မဖြစ်အောင် လုပ်ပြီးတော့မှပြောပါ. . . (တင်ပါဘုရား) ဟုတ်လား. . . (တင်ပါ) ရန်ဖြစ်မှာကိုယ့်ကိုယ်ကို သိနေလို့ရှိရင် ကိုယ်ရှုံးမီး မဖြစ်ပေဘူးလား၊ ဖြစ်သလား. . . (ဖြစ်ပါတယ်ဘုရား) အဲဒါ ဆိုရင် မပြောကိုမပြောနဲ့. . . (တင်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

## မပြောတာကောင်းပါတယ်

အဲတော့ မပြောတာကောင်းပါတယ်တဲ့၊ ဒါဖြင့် ပြောလို့ရှိရင်လည်း ကိုယ့်စိတ် ကိုယ်သိပြီး ပြောလို့ရှိရင် ကိုယ့်အတွက်က အပြစ်လွတ်သေးတယ်. . . (တင်ပါဘုရား)။

## ဖြစ်ပျက်ရှုနေတာအကောင်းဆုံးပါပဲ

ပြောတဲ့ပုဂ္ဂိုလ်ကလည်း ကိုယ့်စိတ်ကိုတယ်သိခဲ့တယ် . . . (တင်ပါဘုရား) ချောပစ်ကုန်းတိုက်တာလား အမှန်လား ဆိုတာ သူဝေဖန်ပြီးသကာလ သိခဲ့ပါတယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့ကိုယ်မင်းတို့သာသိပြီး ဝေဖန်ပြီး သကာလ ဖြစ်ပျက်ရှုနေတာ အကောင်းဆုံးပါပဲကွ. . . (မှန်ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒီတွင်တော်ဦး. . .

သာဓု. . . သာဓု. . . သာဓု။